# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၂၄)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နောင်ချိုမြို့နယ်၌ ကလေးတစ်ဦးအား လိုအပ်သောကာကွယ်ဆေး ထိုးနှံပေးစဉ်။

## နောင်ချိုမြို့နယ်၌ အသက် ၁၅ နှစ်အောက်ကလေးများအား အမီလိုက် (Big Catchup) နည်းလမ်းဖြင့် လိုအပ်သောကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးလျက်ရှိ

နောင်ချို ဩဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၀ ကို ပြန်လည်ဖွင့်လှစ်ထားပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

## ဆိပ်ဖြူမြို့နယ်၌ ပဲတီစိမ်းပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် လျာထားစိုက်ကေပြည့်မီရေး ဆောင်ရွက်လျက်ရှိ

ဆိပ်ဖြူ ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးပဲတီစိမ်း ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လျာထားစိုက်ကေပြည့်မီစွာ စိုက်ပျိုးဆောင်ရွက်နိုင်ရေးတို့ကို ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်အနေဖြင့် စိုက်ပျိုးရေးကို အဓိကထား စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး အဓိကထုတ်ကုန်သီးနှံတစ်မျိုးဖြစ်သည့် ပဲတီစိမ်းကိုလည်း ဒေသခံတောင်သူများက စိုက်ပျိုးဆောင်ရွက်လျက် ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ✻




ယနေ့ ဖတ် စ ရာ

**ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls) များ ကြဲချစိုက်ပျိုး**
ပြည်တွင်းသတင်း စာ ၃

**မြန်မာနိုင်ငံ၏ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်**
ဆောင်းပါး စာ ၁၀

**လုပ်သားပြတ်တောက်မှုရင်ဆိုင်နေရသည့် ဂျပန်နိုင်ငံ၌ အလိုအလျောက်မောင်းနှင်နိုင်သည့် ကုန်တင်ယာဉ်ကို စမ်းသပ်အသုံးပြု**

နိုင်ငံတကာသတင်း စာ ၁၄

# ၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန်ကဏ္ဍတွင် ယခင်နှစ်များထက် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ ပို့ကုန်ဝင်ငွေတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ (ယာပုံ)



**ပို့ကုန်တိုးမြှင့်နိုင်ရေးကြိုးပမ်း**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန်ကဏ္ဍတွင် ယခင်နှစ်များထက် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ ပို့ကုန်ဝင်ငွေတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ခြင်းနှင့်အတူ လိုအပ်သောသွင်းကုန်ကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသောကြောင့် ညီနောင်အသင်းအဖွဲ့များအနေဖြင့် ပို့ကုန်တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရေထွက်ပို့ကုန်ကဏ္ဍတွင်လည်း GACC ခွင့်ပြုချက်ရရှိပြီးသည့် ရေထွက်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေး၊ ပြည်ပပို့ကုန်ဈေးကွက်သစ် နိုင်ငံများ ရှာဖွေနိုင်ရေး၊ ရော်ဘာ၊ ဆီထွက်သီးနှံ၊ သစ်သီးဝလံ စသည့်ပို့ကုန်များထုတ်လုပ်မှု မြှင့်တင်နိုင်ရေး ညီနောင်အသင်းအဖွဲ့များအနေဖြင့် အသင်းဝင်များကို တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ CMP လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်သစ်များရရှိရေး နည်းလမ်းရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ရှေးရှုပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် အခက်အခဲများရှိက တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ညီနောင်အသင်းအဖွဲ့များ၊ ကုန်သည် လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်နှင့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များအသင်းမှ သင်္ဘောကုမ္ပဏီ ၁၀ ခု၏ တာဝန်ရှိသူများအား တွေ့ဆုံပြီး ထိုင်းနိုင်ငံရနောင်းဆိပ်ကမ်း၊ မြန်မာနိုင်ငံကော့သောင်း ဆိပ်ကမ်းတို့မှ ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် ကုန်တင်လှေစနစ်စံပြုလုပ်ငန်းစဉ်(SOP)အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဥပဒေ၊ နည်းဥပဒေနှင့် သက်ဆိုင်သည့်အကျိုးဆက်များနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls)များ ကြဲချစိုက်ပျိုး

**နေပြည်တော် ဩဂုတ် ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်းရှိ လွှတ်ကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေး အနောက်ကြိုးပြင်ကာကွယ်တောတို့အတွင်းရှိ တောနှိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသော တောင်ကုန်းများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများကြဲချခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။(အပေါ်ယာပုံ)



ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်း လွှတ်ကြိုးဝိုင်း အကွက်အမှတ်(၂၀) ရှိ ဧရိယာ ၁၀ ဒသမ ၄ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား ငါးမျိုးဖြစ်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်းသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၁၀၀၀၀၀ ကြဲချခြင်း အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဟန်သူ၊ နေပြည်တော်လေတပ်စခန်း စခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သစ်တောဦးစီးဌာနမှတာဝန်ရှိသူများတက်ရောက်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း အင်းလေး အနောက်ကြိုးပြင်ကာကွယ်တောရှိ ဧရိယာ ၈၆၆ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား သုံးမျိုးဖြစ်သည့် ကုလားကုက္ကို၊ ဘောစကိုင်း၊ အော်ရီးရှားသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၂၀၀၀၀၀ ကို ရဟတ်ယာဉ်ဖြင့် နှစ်ခေါက် ကြဲချခြင်းအခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ သွားလာရန် ခက်ခဲသည့်တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှုအထိုက်အလျောက် ထိရောက်မှုရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေး အနောက်ကြိုးပြင်ကာကွယ်တော အတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များ ပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်မှု၊ ရှင်သန်နိုင်မှုအခြေအနေကို စာရင်းကောက်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ ရှေ့စာမှ

ထိုသို့ ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကွင်းဆင်း၍ ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်း၊ အသက်ငါးနှစ်အောက်နှင့် ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ရောဂါများ ဖြစ်ပွားနိုင်ခြေများပြီး အစုအဝေးဖြင့် နေထိုင်သောနေရာများမှ အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများ မရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ကလေးများကို အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများအား အထူးအစီအစဉ်ဖြင့် ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း (Special Immunization Activities) အမီလိုက် (Big Catchup) နည်းလမ်းဖြင့် ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂၂ ရက်အထိ နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၀၃၁ ဦးကို လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အသက်ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ် အသက် ၁၅ နှစ်အောက် ကလေး ၁၆၀၀ အား လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* ရှေ့စာမှ

ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဈေးကွက်ရရှိနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနထံမှ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပဲတီစိမ်းစိုက်ပျိုးခြင်းနည်းပညာများ၊ သွင်းအားစုမြေဩဇာထည့်သွင်း မြေပြုပြင်ခြင်းတို့ကို ရယူစိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း၊ ပဲတီစိမ်းမျိုးကောင်းမျိုးသန့်များဖြစ်သည့် ရေဆင်း ၁၅ မျိုးတို့ကို ဒေသခံတောင်သူများက မြေအောက်ရေတင်စနစ်၊ မိုးကောင်းသောက်စနစ်တို့ဖြင့် စိုက်ပျိုးဆောင်ရွက်ကြကြောင်း၊ ပဲတီစိမ်းမြေပြင်စိုက်ပျိုးကုန်ကျမှုစရိတ်အနေဖြင့် တစ်ဧက နှစ်သိန်းကျပ်ခန့် ကုန်ကျမှုရှိသကဲ့သို့ လက်ရှိဈေးနှုန်းရရှိမှုမှာ ပဲတီစိမ်း တစ်တင်းလျှင် ကျပ်တစ်သိန်းဝန်းကျင် ရရှိကြောင်း၊ ပဲတီစိမ်း ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက တင်း၂၀ ထွက်ရှိရမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် မိုးရာသီကာလတွင် လျာထားစိုက်ဧက ၁၉၄၄၄ ဧကဖြစ်ပြီး စိုက်ပျိုးပြီး ပဲတီစိမ်းစိုက်ပျိုးဧကမှာ ၁၉၂၀၆ ဧက စိုက်ပျိုးဆောင်ရွက်ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက မိသားစုဝင်ငွေမြင့်မားသည့် ပဲတီစိမ်းစိုက်ဧကပြည့်မီရေးနှင့် အောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်းမြင့်မားရေးအတွက် ပဲတီစိမ်းစိုက်ပျိုးမှုကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်**
**(မြန်/ဆက်)**

# ဒုတိယအကြိမ်မြောက် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါပညာအဖွဲ့ နိုင်ငံတကာဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

ဒုတိယအကြိမ်မြောက် ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါပညာအဖွဲ့ နိုင်ငံတကာဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် Melia Hotel ရန်ကုန်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် နီးနွယ်ပညာရှင်အသင်းများမှ ဥက္ကဋ္ဌများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများ၊ ပြည်တွင်း/ပြည်ပမှ အထွေထွေရောဂါဆေးပညာနှင့် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ တက်ရောက်သည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆီးချိုနှင့်သွေးတိုးရောဂါများကို စောစီးစွာစစ်ဆေးနိုင်ပြီး အချိန်မီကုသနိုင်ရန်အတွက် ကျန်းမာရေးဌာနများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စစ်ဆေးဆောင်ရွက်ပေးနေပြီး နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းသက်သာစေရေးအတွက် ဆီးချို၊ သွေးတိုးနှင့် အခြားမကူးစက်နိုင်သောရောဂါများ ကုသမှုဆေးဝါးများကိုလည်း အခမဲ့ပံ့ပိုးပေးလျက် ရှိပါကြောင်း၊ ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါဆိုင်ရာ ဆေးပညာရှင်များကိုလည်း ပြည်တွင်း၌ နှစ်စဉ်တိုးမြှင့်လေ့ကျင့်မွေးထုတ်လျက်ရှိသည့်အပြင် ပြည်ပ၌ လေ့လာသင်ကြားမှုများကိုလည်း ခွင့်ပြုပံ့ပိုးပေးလျက်ရှိပါကြောင်း၊ အတွေ့အကြုံ၊ ဗဟုသုတများ ဖလှယ်ကာ ဆီးချိုနှင့် ဟော်မုန်းရောဂါကုသမှုများအတွက် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မျိုးဆက်သစ်ဆေးပညာရှင်များအတွက် ဆေးပညာအသိဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ကျောင်းသူလေးများက "မင်္ဂလာပါ"သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး အပြည်ပြည်ဆိုင်ရာဆီးချိုသွေးချိုရောဂါအသင်းအဖွဲ့ကြီး (International Diabetes Federation – IDF) ၏ ဥက္ကဋ္ဌ Professor Peter Schwarz က ပေးပို့သည့် ညီလာခံကြိုဆိုနှုတ်ခွန်းဆက် Video message အား ဖွင့်လှစ်ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း၏ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသန်းသန်းအေးက ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဆေးတက္ကသိုလ် (၂)ရန်ကုန် ပါမောက္ခချုပ် (ငြိမ်း) ပါမောက္ခဒေါက်တာ တင့်ဆွေလတ်နှင့် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း၏ဥက္ကဋ္ဌတို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါညီလာခံကို ဩဂုတ် ၂၃ ရက်မှ ၂၄ ရက်အထိ "ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါကုသမှုများ မြှင့်တင်ခြင်း" (Advancing Care in Diabetes and Endocrinology) ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဆေးပညာရှင်များသာမက ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ဆေးပညာရှင် ၁၄ ဦးက Speaker အဖြစ်ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ပညာရှင် ၄၅၀ ခန့် တက်ရောက်လျက်ရှိကြသည်။

ညီလာခံတွင်ဆွေးနွေးပွဲ (Symposium) ၈ ခုခွဲ၍ ဆွေးနွေးကြမည်ဖြစ်ရာ Artificial Intelligence(AI) ကို အသုံးပြုပြီး ဆီးချိုသွေးချို၏ နောက်ဆက်တွဲရောဂါများဖြစ်သည့် မျက်စိအတွင်း သွေးကြောများပျက်စီးကာ အမြင်အာရုံထိခိုက်မှု၊ ကျောက်ကပ်ရောဂါနှင့် အာရုံကြောရောဂါများ ဖြစ်နိုင်ခြေတို့ကို စစ်ဆေးသည့်ခေတ်မီနည်းပညာသစ်ကို မြန်မာနိုင်ငံတွင် အသုံးပြုဆောင်ရွက်ခဲ့သည့် သုတေသနအပါအဝင် ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များဆိုင်ရာဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာ ပိုစတာ ၃၅ ခုနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ခင်းကျင်းပြသထားပြီး ညီလာခံမစမီ အကြိုအစီအစဉ်အနေဖြင့် သွေးတွင်းဂလူးကို့စ် စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်း (Continuous Glucose Monitoring – CGM) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ငွေစုငွေချေးသမဝါယမအသင်း၏ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက၊ အလက ကျောင်းများ ငွေစုငွေချေးသမဝါယမအသင်း၏၂၀၂၄–၂၀၂၅ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၂၂ ရက်က အထက (၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဆရာမကြီး ဒေါ်မြင့်မြင့်စိုးက ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းဆောင်ရွက်မှု၊ အသင်းသားများအပေါ် အသင်းမှ ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ်ဦးစီးအရာရှိ ဦးသက်ပြင်းက သမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ဆွေးနွေးရှင်းလင်းသည်။

ထို့နောက် အသင်းသားအမှုဆောင်က အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသည့်အသင်းသားများကို စုဆောင်းငွေအပေါ်အတိုး၊ အစုအပေါ်အမြတ်နှင့်အသင်းသားများအား လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ကျေးရွာစာကြည့်တိုက်များတွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်းရှိ ပန်းတင်ကျေးရွာ၊ ကြောင်ရေကျေးရွာနှင့် သက်ကယ်ချင်းကျေးရွာ စာကြည့်တိုက်များတွင် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။**(ယာပုံ)**



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ပန်းတင်ကျေးရွာ ရွှေပန်းတင်စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ဆိုလာမီးသီးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ရန်နှင့် ကျောင်းသား ကျောင်းသူ လူငယ်လေးများ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံထူးချွန်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးအတွက် စာဖတ်သည့် အလေ့အကျင့်စွဲမြဲစေရန် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည့်အတွက် အလေးအနက်ထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကြောင်ရေကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက်နှင့် သက်ကယ်ချင်းကျေးရွာ ပညာကမ္ဘာစာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက် ရှင်သန်ခိုင်မာရေးဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအား ဆိုလာမီးသီးနှင့်စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားပင်စင်စားများအား UID (ခေါ်) Smart Card ပြုလုပ်ပေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားပင်စင်စားများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနက UID (ခေါ်) Smart Card များကို ယမန်နေ့က မြန်မာ့စီးပွားရေးဘဏ်၌ ဆက်လက်ပြုလုပ်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစောလှမောင်၏ညွှန်ကြားမှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား မိဘပြည်သူများ၏ Biometric အချက်အလက်များ စိစစ်ကောက်ယူခြင်း၊ မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေ Scan ဖတ်ခြင်း၊ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ပြုလုပ်ကာ UID (ခေါ်) Smart Card ကို အလွယ်တကူရရှိနိုင်ရေး လစဉ်ပင်စင်လာရောက်ထုတ်ရက်များဖြစ်သည့်



၂၁ ရက်မှ ၂၅ ရက်အထိ လစဉ်လတိုင်း ကွင်းဆင်းဆောင်ရွက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာ သွင်းအားစုများပေးအပ် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စုပေါင်းကြဲပက်

**နေပြည်တော် ဩဂုတ် ၂၃**

ပုဗ္ဗသီရိမြို့နယ် ပတ္တာရှာဟောင်းရှိ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၏ ပျိုးခြံအမှတ်-၂ ပျိုးခြံအတွင်း နှစ်တို၊ နှစ်ရှည်ပင်များ၊ အရိပ်ရ လေကာအပင်များ ပျိုးထောင်ထားရှိမှုများနှင့် ပျိုးပင်များ ပျိုးထောင်ရန်အတွက် မြေဆွေးအိတ်များ ပြုလုပ်ခြင်းနှင့် သဘာဝမြေဆွေးများ ပြုလုပ်ထားရှိမှုများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကုမုဒြာကြာပန်း အဝိုင်းအနီး ရာဇသင်္ဂဟလမ်းတွင် လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများ၊ ပလက်ဖောင်းများ ပြုပြင်ထားရှိမှုများ၊ မြေယာရှုခင်းနှင့် ပန်းအလှပင်များ ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်သို့ သွားရောက်ပြီး မဟာစည်သာသနာ့ရိပ်သာအဝင်လမ်းတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူလူထုများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပျဉ်းမနားမြို့ အောင်ချမ်းသာရပ်ကွက် ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူလူထုများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး သန့်ရှင်းရေး ဆောင်ရွက်နေသူများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာ ကွင်းအမှတ် - ၁၇၀၄ သို့ သွားရောက်၍ မိုးစပါးစိုက်ခင်းအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲနှင့် နေကြာမျိုးစေ့ပေးအပ်ပွဲ အခမ်း အနားသို့ တက်ရောက်၍ နေကြာမျိုးစေ့များကို တောင်သူများထံ ပေးအပ်သည်။



ထို့နောက် တောင်သူ ဒေါ်သန်းသန်းစိန်၏ လယ်တွင် မိုးစပါးအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှုကိုလည်းကောင်း၊ စပါးခွံကြိမ်ပြာချေးတို့ဖြင့် သဘာဝမြေဩဇာ ပြုလုပ်နည်း သရုပ်ပြသခြင်းနှင့် သဘာဝမြေဩဇာပုံများ ပြုလုပ်ထားရှိမှုများကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် ဈေးကုန်းကျေးရွာ၌ ကျေးရွာအတွင်း လမ်းဘေး ဝဲ/ယာ ရေစီးရေလာ ကောင်းမွန် စေရေးအတွက် ကျောက်စီရေမြောင်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာသို့ သွားရောက်၍ ကျေးရွာလူထုခန်းမ၌ ကျင်းပသည့် မိုးစပါး တောင်သူများသို့ သီးနှံပေါ်ပေး စနစ်ဖြင့် ဓာတ်မြေဩဇာ သွင်းအားစုပေးအပ်ခြင်း အခမ်း အနားသို့ တက်ရောက်၍ အမှာ စကားပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် ကောင်စီဝင်များက ဓာတ်မြေဩဇာ သွင်းအားစုများကို တောင်သူများ ထံ ပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး**
**(ဒက္ခိဏ)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ U13 / U17 အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ဟိုပုံး ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ U13 / U17 အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ/ဆရာမကြီးများက ပြိုင်ပွဲဝင် U17 အမျိုးသား ဘောလုံးပြိုင်ပွဲ အထက(၁) ကျောင်းနယ်မြေ အမျိုးသားဘောလုံးအသင်းနှင့် အထက ဖာလိုင် (မိုင်းပျဉ်း) အမျိုးသားဘောလုံး အသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးရာ



အထက(၁) ကျောင်းနယ်မြေ အမျိုးသားဘောလုံး အသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

U13 အမျိုးသားဘောလုံးပြိုင်ပွဲကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ အားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ အသင်းပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်၍ U17 အမျိုးသားဘောလုံးပြိုင်ပွဲကို မြို့မအားကစားကွင်း၌ အခြေခံပညာကျောင်းများမှ အသင်းပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဘက်စုံသုံးခန်းမနှင့် ပေါင်းလောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် ယာယီနေရပ်စွန့်ခွာ ပြည်သူများကို သွားရောက်အားပေးစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်နေမှုကို ကြည့်ရှုသည်။

ထို့နောက် ပေါင်းလောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဝင်လမ်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုပျက်စီးသွားသည့် နေရာများနှင့် ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားကာ ပင်လောင်းမြို့နယ် ဘန့်ဘာကျေးရွာအုပ်စု ရေးအေးရွာသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်နှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး




**နေပြည်တော် ဩဂုတ် ၂၃**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအမှတ်(၄၄)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက လူမှုဖူလုံရေးအဖွဲ့၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ယခုကဲ့သို့ အလုပ်ခွင် မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးခွဲတွင် အကျိုးဝင်မှတ်ပုံတင်ထားသော "မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း"မှ အရာထမ်းများ ဖြစ်ကြသည့် အာမခံအလုပ်သမား ဒုတိယအထွေထွေ မန်နေဂျာ ဦးသက်မျိုးနိုင်နှင့် မန်နေဂျာ ဒေါ်အေးအေးသန့်တို့ နှစ်ဦးသည် မတ် ၂၈ ရက်တွင် လူပ်ခတ်သွားခဲ့သည့် မဟ္တလေးငလျင်ကြောင့် လုပ်ငန်းခွင် ထိခိုက်သေဆုံးခဲ့သည့်အတွက် ဒုတိယအထွေထွေ မန်နေဂျာ ဦးသက်မျိုးနိုင်၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ်သိန်း ၁၈၀ ကို ဇနီးဖြစ်သူ ဒေါ်ဟိန်းသဉ္ဇာစိုးအား လည်းကောင်း၊ မန်နေဂျာ ဒေါ်အေးအေးသန့်၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ်သိန်း ၁၈၀ ကို ခင်ပွန်းဖြစ်သူ ဦးစိုးဝင်းအား လည်းကောင်း ဌာနဆိုင်ရာ တာဝန်ရှိသူများ ရှေ့မှောက်တွင် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# TEQBALL OPEN CHAMPIONSHIP 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

**မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ်(MTF)မှ ကြီးမှူးကျင်းပသည့် MTF PRESIDENT'S CUP TEQBALL OPEN CHAMPIONSHIP 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏ၌ ကျင်းပသည်။**




ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရိသတ်များနှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲအဖြစ် Y.R.G အသင်းနှင့် KYEL SIN အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရာ MTF PRESIDENT'S CUP TEQBALL OPEN CHAMPIONSHIP 2025 ပြိုင်ပွဲတွင် ပါဝင်ကူညီပေးသော Sponsor များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ပွဲစဉ်များတွင် တာဝန်ယူခဲ့သော ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများအား ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ MTF PRESIDENT'S CUP TEQBALL OPEN CHAMPIONSHIP 2025 ပြိုင်ပွဲတွင် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား + အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသော အသင်းများကို တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားတို့ကိုလည်းကောင်း ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က စုပေါင်းတံခွန်စိုက်ဆုရရှိသည့် Y.R.G အသင်းအား စုပေါင်းတံခွန်စိုက်ဆုကို ချီးမြှင့်ပေးအပ်သည်။**(အပေါ်ယာပုံ)**

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်အတွင်းရှိသန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်နှင့်ခရမ်းမြို့နယ်များမှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ ဆန်နှင့်ဆီ ပေးအပ်ပွဲအခမ်းအနားကို သန်လျင်ခရိုင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များကို ပေးအပ်ကြရာ အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တပ်ဖွဲ့ဝင်များကို အားပေးစကား ပြောကြား၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# တောင်ငူခရိုင်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းနေမှုဆောင်ရွက်

တောင်ငူ ဩဂုတ် ၂၃

**တောင်ငူခရိုင်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းနေမှုများဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက အုတ်တွင်းမြို့နယ် နတ်စဉ်ကုန်းကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးအကွက်ကျယ် စံပြစိုက်ခင်းဧက ၃၀၀ ပေါင်းလိုက်၊ သမန်းနှီး၊ မြေဩဇာကြဲပက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။**

ဆက်လက်၍ ဒေသခံ တောင်သူများနှင့် တွေ့ဆုံပြီး သွင်းအားစုသုံးစွဲမှု လျော့ကျစေရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးရန်၊ ဒေသကျွဲနွားများ ပြန်းတီးမှု မရှိစေရေး ခြံလှောင်စနစ်ဖြင့် တိုးချဲ့မွေးမြူရန်၊ ရေသွင်းရေထုတ်မြောင်းများ ရေရှည်ကောင်းမွန်စေရေး ထိန်းသိမ်း စောင့်ရှောက်ရန် မှာကြားကာ မိုးစပါးစိုက်တောင်သူများထံ သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။



ထို့နောက် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာ အုပ်စု၌ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးဧက ၉၅၀ကိုတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် သက်တမ်းတူ၊ မျိုးတူ ပြန်လည်စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှု အားပေးကာ မိုးစပါးစိုက် တောင်သူများနှင့် တွေ့ဆုံ၍ ဒေသတွင်း မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခြင်းမရှိစေရေး၊ ပန်းတိုင်အထွက်နှုန်း ကျော်လွန် ထွက်ရှိရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနိုင်သည့် နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးနှင့် လယ်မြေအခြေအနေပေါ် မူတည်၍ မျိုးပြောင်းလဲ စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကာ ဒေသခံ တောင်သူများကို သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြောက်ဘက်မြို့ရိုး ပြန်လည်တူးဖော်ထားမှု၊ မော်ကွန်းတံခါး ပြန်လည်ဖော်ထုတ်မှုနှင့် ကျုံးကူးတံတား တည်ဆောက်မည့် နေရာတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး ရှေးဟောင်းသမိုင်းဝင်နေရာများ တူးဖော်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရာတွင် သုတေသနပြုခြင်း၊ တိကျခိုင်မာသည့် အထောက်အထားများ ရှာဖွေခြင်း၊ မြို့ရိုး/တံခါးပေါက်နှင့် ဆက်စပ် အဆောက်အအုံနေရာများ ဖော်ထုတ်ရန်၊ ရေကျုံးနှင့် နံ့ကျုံး နှစ်ထပ် ကာရံထားသည့် ထူးခြားသော မြို့ဟောင်းတစ်ခုဖြစ်၍ မြို့ရိုးပေါ်ရှိ အဆောက်အအုံများ ဖယ်ရှားရာတွင် ရှေးဟောင်းသမိုင်းဆိုင်ရာ အထောက်အထားများ ထိခိုက်မှု မရှိစေရေးနှင့် ကျုံးပတ်လမ်းကောင်းမွန်မှုရှိစေရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တောင်ငူမြို့ ကေတုမတီမြို့ဟောင်းအတွင်းရှိ ရှေးဟောင်းဘုတ်တလုပ်ရေကန် ပြန်လည်ဖော်ထုတ် ထိန်းသိမ်းနေမှု၊ ကန်ပတ်လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဘုတ်တလုပ်ကန်နှင့် သက်ဆိုင်သည့် အုတ်စီ/အုတ်ရိုး ရှာဖွေတူးဖော်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ရှေးဟောင်းကန်အတွင်း ရေဆိုးဝင်ရောက်မှု မရှိစေရေး ရေထုတ်မြောင်းများ ထည့်သွင်း တည်ဆောက်ရန်၊ ရေကန်နယ်နိမိတ်အား စနစ်တကျ ကာရံထားရန်၊ သမိုင်းဆိုင်ရာ အထောက်အထားများ အများပြည်သူ သိရှိတန်ဖိုးထားနိုင်ရေး ဆိုင်းဘုတ်တင် ထားရှိရန်၊ ကန်ပေါင်တစ်လျှောက် စိမ်းလန်းစိုပြည်စေရေး၊ သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်- အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေ)တို့၌ ဩဂုတ် ၂၅ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု မိုး/ဇလက ခန့်မှန်းထားသည်။

**မြန်မာ့အလင်း**

ပြည့်ဝဆီများကို တတ်နိုင်သမျှ
လျှော့စား၍ အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# မြစ်သားမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများ၌ KG ကလေးများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေး

မြစ်သား ဩဂုတ် ၂၃

မြစ်သားမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဘုန်းမြတ်ကို ဦးဆောင်ကာ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးကို မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက အခြေခံပညာ မူလတန်းကျောင်းများရှိ KGကလေးများအား ယနေ့ နံနက် ၉ နာရီမှ စတင်တိုက်ကျွေးခဲ့ကြောင်း သိရသည်။



ထို့နောက် ကာကွယ်ဆေး တိုက်ကျွေးနေမှုကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဘုန်းမြတ်ကိုနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ကျန်းမာရေး ဝန်ထမ်းများက ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးကို မြို့ပေါ် အခြေခံပညာမူလတန်းကျောင်းများရှိ KG ကလေး ၄၄၆ ဦးကို တိုက်ကျွေးပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်**
**(မြစ်သား)**

# မုံရွာပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မုံရွာ ဩဂုတ် ၂၃**

မုံရွာပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းဝင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မုံရွာခရိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုအားပေးကြသည်။

ထို့နောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသူများအား စားသုံးဆီ၊ ဆန်နှင့်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေး၍ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပြီး ကျောင်းစာကြည့်တိုက်ရှိ သုတရသစာအုပ်စာစောင်များထားရှိမှုကို ကြည့်ရှုကာ ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ယင်းနောက် မုံရွာမြို့ပေါ်ရှိ ရပ်ကွက် ၁၈ ခုတွင် နေထိုင်ကြသည့် ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် နေ့စဉ် ရေဂါလန် ၁၀ သန်း ထုတ်လုပ်ပေးနေသည့် သလ္လာဝတီရပ်ကွက်ရှိ AQUA PURA ရေသန့်စင်ရေး(ယာပုံ)နှင့် ရေပေးဝေရေးလုပ်ငန်း၊ တစ်ရက်လျှင် သောက်ရေသန့် တစ်လီတာဘူး ၂၀၀၀ ထုတ်လုပ်နေသည့် R PAW(အာပေါ်) သောက်ရေသန့်စက်ရုံနှင့် အနောက်ဘက်ကန်သာယာတွင် ရေဂါလန် သန်း ၃၀ကျော် သိုလှောင်ရေစစ်နိုင်သည့် မြို့ရေပေးဝေရေးရေစစ်ကန်၌ ရေသိုလှောင်ထားနိုင်မှုကို ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အနောက်ဘက်ကန်သာယာတွင် မြေထိန်းကွန်ကရစ်ပြား တပ်ဆင်ခြင်းလုပ်ငန်းတည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အသွေးကောင်းမွန်စေရေး မှာကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# စာဆိုဗိမာန်အဆောက်အအုံ အချိန်မီပြီးစီးရေးနှင့် ခင်းကျင်းမှုတို့ကို ကဏ္ဍအလိုက် ပြည့်စုံအောင် ဆောင်ရွက်



**ရန်ကုန် ဩဂုတ် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိ စာဆိုဗိမာန် သုံးထပ် (RC) အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Myanmar land and development ltd မှ Project ဒါရိုက်တာ ဒေါ်ယုယုနိုင်က စာဆိုဗိမာန် သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် အခန်းများ ပြင်ဆင်ဖွဲ့စည်း ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စာဆိုဗိမာန်တည်ဆောက်ပြီးပါက အခန်းများအတွင်း ထားသိုပြသမည့် ရုပ်တုပစ္စည်းများနှင့် ပုံများဖြင့် စာဆိုဗိမာန်၏ ရုပ်လုံးကို ပေါ်လွင်လာစေရန် ပြင်ဆင်ကြရမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ခင်းကျင်းမှုများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေး ကြိုတင်ဆောင်ရွက် အတည်ပြုချက်ရယူ၍ လုပ်ဆောင်သွားကြရန်လို အပ်ပါကြောင်း၊ အဆောက်အအုံ အချိန်မီပြီးစီးရေးနှင့် ခင်းကျင်းမှုတို့ကို စာပေ/ ရုပ်ရှင်/ ဂီတ/ သဘင်စသည့်ကဏ္ဍအလိုက် ပြည့်စုံအောင် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားပြီး တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်း ဆောင်ရွက်

**ဘုတ်ပြင်း ဩဂုတ် ၂၃**

ဘုတ်ပြင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက ကျေးရွာများရှိ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းဆောင်ရွက်မှုကို ယနေ့နံနက်က အုန်းတောကမ်းကျေးရွာ မူလတန်းလွန်ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် အသုံးပြု၍ မဲပေးခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အုန်းတောကမ်းကျေးရွာ အုပ်စုအတွင်းရှိ အုန်းတောကမ်း၊ လိပ်ဥချောင်း၊ နီပါး၊ ပါးစမ်ကုန်းစသည့် ကျေးရွာလေးရွာမှ ဒေသခံပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် သက်ဆိုင်ရာလွှတ်တော်များအလိုက် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခဲ့ကြပြီး တာဝန်ရှိသူများက မဲရလဒ်များအား ထုတ်ယူစစ်ဆေးခြင်းလက်တွေ့ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ သရုပ်ပြလက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်နေမှုကို ဘုတ်ပြင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှင့်ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးညီညီနှင့် ကော်မတီဝင်များ၊ ဘုတ်ပြင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**



# သရက်ချောင်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းဆောင်ရွက်

**သရက်ချောင်း ဩဂုတ် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်သူလူထုများ၏ ကိုယ်ရေးအချက်အလက် မှတ်တမ်းများကို e-ID စနစ်ဖြင့် စဉ်ဆက်မပြတ်လုပ်ငန်းဆောင်ရွက်လျက်ရှိရာ သရက်ချောင်းမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းကို ဩဂုတ် ၂၁ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား တစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်များကို ကောက်ယူပြီး QR Code ပါသည့် ဂဏန်း ၁၀ လုံးပါသော UID နံပါတ်ပါစာရွက်များ ပြန်လည်ထုတ်ပေးသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သရက်ချောင်းမြို့နယ်ရုံးနှင့် သရက်ချောင်းမြို့နယ်မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

# ပြည်မြို့နယ်၌ တတိယအကြိမ် ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုး

**ပြည် ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ တတိယအကြိမ် ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ပြည်-ပေါက်ခေါင်းကားလမ်းမှ ပြည်မြို့နယ် မုဋ္ဌောကျေးရွာ လက်သည်းရေကန်ဓမ္မရိပ်သာအထိ လမ်းဘေးဝဲ/ယာ၌ ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က တိုင်းဒေသကြီးသာသနာရေးရုံးခွဲ(ပြည်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းနှင့် မုဋ္ဌောကျေးရွာ ဒေသခံပြည်သူတို့ထံ ပျိုးပင်များကို ပေးအပ်သည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းစုစုပေါင်း ၂၅၀ ဖြင့် တမာ၊ ပျဉ်းမပင်၊ ကျွန်းပင်၊ ယူကလစ်ပင်၊ မန်ဂျန်ရှား၊ ယမနေပင်၊ ပေါက်ပန်းဖြူ/နီပင်နှင့် ကြောင်လျှာပင် စသည့် ပျိုးပင်စုစုပေါင်း ၇၁၄ ပင်ကို အဆိုပါလမ်းဘေး ဝဲ/ယာ၌ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# လှိုင်ကော်တက္ကသိုလ်ဖွင့်လှစ်ရန် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းနှင့် တက္ကသိုလ်နယ်မြေသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်



**လှိုင်ကော် ဩဂုတ် ၂၃**
လှိုင်ကော်တက္ကသိုလ်ဖွင့်လှစ်ရန် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းနှင့် တက္ကသိုလ်နယ်မြေ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လှိုင်ကော်တက္ကသိုလ်ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာသင်ဆောင်များ၊ ကျောင်းသားကျောင်းသူအိပ်ဆောင်များ၊ ပါမောက္ခချုပ်နေအိမ်နှင့် ဝန်ထမ်းအိမ်ရာများ၊ အားကစားခန်းမနှင့် အားကစားကွင်းများ၊ တက္ကသိုလ်လမ်းမကြီးများနှင့် လမ်းသွယ်များ ဘေးဝဲယာတစ်လျှောက် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တက္ကသိုလ်အဝင် မုခ်ဦး သပ်ရပ်တင့်တယ်မှုရှိစေရေး မြေယာရှုခင်းနှင့် ပန်းအလှပင်များစနစ်တကျစိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည့် အခြေအနေ(ဝဲပုံ)၊ တက္ကသိုလ်ဓမ္မာရုံအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဓမ္မာရုံပြုပြင်ရန် လိုအပ်သည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်း MSME ထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၃**
နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ဇေယျာသီရိမြို့နယ်အတွင်း MSME ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်ရှိ လမင်းဆီစက်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ စားသုံးဆီဖူလုံရေးအတွက် ဆီလုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆီစက်လည်ပတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ဇေယျာသီရိမြို့နယ် မွန်းတည့်ခွင်ကျေးရွာရှိ မိုးဆန်းပန်းဆန်စက်လုပ်ငန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဥတ္တရသီရိ ရပ်ကွက်ရှိ အဆင့်မြင့်တစ်ခါသုံးဝါးတူလုပ်ငန်း(ယာပုံ) သို့ လည်းကောင်း၊ Sky Fruit Food Industry လုပ်ငန်းသို့ လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးရာ နေပြည်တော်ကောင်စီဝင်က ထုတ်ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ MSME လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ထုတ်ကုန်များကို ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

# မြန်မာ–ရှမ်း နှစ်ဘာသာဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်းအသိပညာပေး



**လင်းခေး ဩဂုတ် ၂၃**
ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအုပ်စု ဒါးဆိပ်ကျေးရွာ၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)အသုံးပြုနည်းစနစ် အသိပညာပေး ဟောပြောခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်း လက်တွေ့သရုပ်ပြသခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ဒါးဆိပ်အခြေခံပညာမူလတန်း ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတာဝန်ရှိသူတို့က မြန်မာ– ရှမ်း နှစ်ဘာသာဖြင့် MEVM စက်ဖြင့် စမ်းသပ်ဆန္ဒမဲပေးခြင်းများနှင့်ပတ်သက်၍ ယခုကဲ့သို့ လာရောက်ကွင်းဆင်း ဆောင်ရွက်ရခြင်းအကြောင်း၊ မကြာမီ ကျင်းပတော့မည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲဆန္ဒရှင်ပြည်သူများ မဲပေးသွားနိုင်ရေးအတွက် လုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသိပညာပေး ဟောပြောကြသည်။

**လက်တွေ့စမ်းသပ်မဲပေး**


ဆက်လက်၍ လင်းခေးမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျေးရွာမဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းထားရှိပုံ၊ မဲဆန္ဒရှင်များ ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စေရေး မဲပေးစက်အသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြသပေးပြီး တက်ရောက်လာသူများက တစ်ဦးချင်းအလိုက် လက်တွေ့စမ်းသပ်မဲ ပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**


# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၃**
ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ကဂျိကိ" (Kajiki) သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန် – အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ဩဂုတ် ၂၆ ရက်မှ ဩဂုတ် ၂၉ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ချက်ထုတ်ထားသည့် ၂၆-၈-၂၀၂၅ ရက်နေ့မှ ၂၇-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ချက်ထုတ်ထားသည့် ၂၈-၈-၂၀၂၅ ရက်နေ့မှ ၂၉-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် မိုး/ဇလက သတိပေးနှိုးဆော်ထားသည်။

**မြန်မာ့အလင်း**

# မော်လမြိုင်မြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၃**

မွန်ပြည်နယ်အတွင်း မြို့နယ်များအားလုံးတွင် သန့်ရှင်း၍သာယာလှပပြီး မြို့အင်္ဂါရပ်များနှင့် ကိုက်ညီစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လေယာဉ်ကွင်းရှေ့၊ မော်လမြိုင်တက္ကသိုလ်ပတ်လမ်းတွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ကောက်ယူရှင်းလင်းခြင်း၊ သစ်ပင် သစ်ကိုင်းများ ရှင်းလင်းခြင်းများကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် "ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့" ဗီဒီယိုကို ပြသကာ ပြည်နယ်အဆင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိခဲ့သည့် နို့တိုက်မိခင်နှစ်ဦးကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်အဆင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင် ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိခဲ့သည့် နို့တိုက်မိခင်များကို ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ကိုယ်ဝန်ဆောင်မိခင်များကို အဏုအာဟာရဆေးပြားများနှင့် အာဟာရပစ္စည်းများကို လည်းကောင်း၊ အသက်ငါးနှစ်အောက်ကလေးများကို အင်အားပြည့်ဗီတာမင်အေဆေးလုံးတိုက်ကျွေးကာ **(အပေါ်ယာပုံ)**



လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်၍ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒေါပုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းနှင့်ဂိမ်းကစားနည်းပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံ မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုဟောပြောပွဲ၊ ကဗျာ



ရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းနှင့် ဂိမ်းကစားနည်း ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာ မူလတန်း ကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ဒေါပုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်က အမှာစကားပြောကြားပြီး ဒေါပုံမြို့နယ်ပညာရေးမှူး ဒေါ်နိုင်နိုင်ဦးက စာဖတ်ရှိန် မြှင့်တင်ရေးဆိုင်ရာ လူငယ်များ အသိပညာတိုးပွားစေရေးတို့ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချစ်စုဝေက စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပရာ ကျောင်းသားကျောင်းသူ ၂၀ တို့က ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

# ဝါသီးနှံလျှာထားကေပြည့်မီရေး ဝါစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးသည် တပ်ကုန်းမြို့နယ်အတွင်း ဝါသီးနှံလျာထားကေပြည့်မီရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက အလယ်ကျွန်း၊ မြောက်မြိုက်ကျေးရွာ၊ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ (KC)ခန်းမ၌ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ညွှန်ကြားရေးမှူး ဦးကျော်ကျော် ဦးက ဝါသီးနှံလျာထားကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ မျိုးကောင်း၊ မျိုးသန့်ရရှိရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆွေးနွေးပြောကြားခဲ့ပြီးနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းထွန်းက တပ်ကုန်းမြို့နယ်အတွင်း ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တပ်ကုန်းမြို့နယ်တွင် ဝါသီးနှံများကို ဧက ၁၀၂၂၀ လျာထားစိုက်ပျိုးပြီး ယနေ့အထိ ဝါစိုက်ဧက ၄၀၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ဧကများကို စက်တင်ဘာလကုန်တွင် လျာထားဧကအပြည့် စိုက်ပျိုးနိုင်ရေးအတွက် ဝါစိုက်တောင်သူများနှင့် ညှိနှိုင်းဆွေးနွေးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **တင်စိုးလွင် (ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ချယ်ဆီးအသင်းက တိုက်စစ်အားပြု ကစားလာပြီး ချေပဂိုးနှင့်အနိုင်ဂိုးများ ဆက်တိုက် သွင်းယူကာ အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

ဝက်စ်ဟမ်း အသင်းသည် ပရီမီယာလိဂ်နှစ်ပွဲ ကစားပြီးချိန်တွင် နှစ်ပွဲစလုံးဂိုးပြတ်ရှုံးနိမ့်သည့် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် ဝက်စ်ဟမ်းအသင်းသည် အဆိုပါနှစ်ပွဲတွင် တိုက်စစ်က သွင်းဂိုးတစ်ဂိုးသာ သွင်းယူထားနိုင်ပြီး ခံစစ်က ပေးဂိုး ရှစ်ဂိုးအထိ ခွင့်ပြုပေးထားရသည်။ ချယ်ဆီးအသင်းသည် ဝက်စ်ဟမ်းအသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးနိုင်မှု ခုနစ်ကြိမ်အထိ ရှိခဲ့သော်လည်း ငါးကြိမ်အထိ ဂိုးပေါက်လွဲချော်ခဲ့သည်။ ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို ပက်ဒရို၊ နီတို၊ ဖာနန်ဒက်စ်၊ ကိုင်စီဒိုနှင့် ချာလိုဘာစသည့် မတူညီသည့် ကစားသမားငါးဦးက သွင်းယူပေးနိုင်ခဲ့သည်။

ပွဲကစားချိန် ၁၇ မိနစ်တွင် ဝက်စ်ဟမ်းအသင်း တိုက်စစ်ကစားသမား ဖူးခရက်ဂ် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် ပြန်လည်ကြည့်ရှု စစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ချယ်ဆီးအသင်းမှ အက်စ်တီဗာအိုသည် ၁၈ နှစ်နှင့် ၁၂၀ ရက်ဖြင့် ပရီမီယာလိဂ်သမိုင်းတွင် ချယ်ဆီးအသင်းအတွက် ဂိုးဖန်တီးမှု ပြုလုပ်နိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**အောင်ဇော်**

■ *ကျောဖုံးမှ*

နိုင်ပွဲဆက်နေသည့် သွေးလင်းထက်သည် ယခုပွဲတွင် အကောင်းဆုံးပုံစံဖြင့် ထိုးသတ်နိုင်ခဲ့ပြီး ပထမအချီကတည်းက ဖိအားပေးထိုးသတ်နိုင်ခဲ့သည်။ သွေးလင်းထက်သည် လက်သီး၊ တံတောင်၊ ဒူး၊ ခြေကန်ချက်အကုန်သုံးကာ တိုက်ခိုက်ခဲ့ပြီး ပထမအချီတွင် ပြိုင်ဘက်ကစားသမား အမှတ်စဉ်ရေတွက်ခံခဲ့ရသည်။

သွေးလင်းထက်သည် အပိုဆုကြေး ဘတ်သုံးသိန်းခွဲရရှိခဲ့ပြီး ONE နှင့် ခြောက်ပွဲမြောက် ထိုးသတ်ရာတွင် ငါးပွဲမြောက်နှင့် နောက်ဆုံး လေးပွဲ ဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-ONE**

❖ *ကျောဖုံးမှ*

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နည်းပြသစ် ဂျပန်နိုင်ငံသူတာရှီရိုလက်ထက် ပထမဆုံးနိုင်ငံတကာပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းအတွက် ပထမဆုံးနိုင်ငံတကာပွဲဖြစ်သော်လည်း ကမ္ဘောဒီးယားကို အနိုင်ယူခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးရှိလာသည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာသွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးထပ်သွင်းကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၂၆၊ ၅၅ မိနစ်တွင် ပင်မြင့်ယံ၊ ၅၈ မိနစ်တွင် အယ်အယ်ဆိုင်းဟွမ်နန်း၊ မိနစ် ၉၀ တွင် ရှင်းသန့်ဖြူစင်ပြုံးတို့က သွင်းယူပြီး ကမ္ဘောဒီးယားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၃ မိနစ်တွင် သဟီတာရစ်သ်က သွင်းယူခဲ့သည်။

ပြိုင်ပွဲကို သုံးသင်း သုံးအုပ်စုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၂၅ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သော်လေး၊ ဓာတ်ပုံ-MFF**

✪ *ကျောဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲအစကိုးမိနစ်တွင် သိန်းဇော်သီဟက အား/ကာသိပ္ပံ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ရှောဝတီယူနိုက်တက် အသင်း ချေပဂိုးရရန် ကြိုးပမ်းသော်လည်း အဆုံးသတ်အားနည်းသဖြင့် ဂိုးမရခဲ့ပေ။ အား/ကာသိပ္ပံအသင်းသည် ပထမပွဲတွင် နိုင်ပွဲပျောက်ထားသဖြင့် ယခုပွဲတွင် အနိုင်ရရန် အားထည့်ကစားခဲ့ပြီး ၆၄ မိနစ်တွင် စိုးလင်းအောင်နှင့် ၈၄ မိနစ်တွင်စောလင်းထက်ပိုင်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်းခေါင်းဆောင် ခိုင်ရဲဝင်းက ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် နည်းပြသစ် ဦးတင်မောင်ထွန်း လက်ထက် နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့ပြီး ယခုပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်အရှုံးကြောင့် လာမည့်ပွဲများတွင် ရုန်းကန်ရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ တွင် အာကာကျော်၊ ၅၂ မိနစ်၊ မိနစ် ၆၀ တွင် သာယာဝင်းထက်၊ ၆၄ မိနစ်၊ ၇၆ မိနစ်တွင် ရင်တာရိုဟမာတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ သာယာဝင်းထက်က ရရှိသည်။

ပွဲစဉ်(၂)တတိယနေ့ကို ဩဂုတ် ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ဟံသာဝတီယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်း၊ သီဟဒီပကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**မောင်ညီ၊ ဓာတ်ပုံ-MNL**



**အား/ကာသိပ္ပံအသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။**

# မြန်မာနိုင်ငံ၏ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်

■ ဒေါက်တာအေးအေးသင်း(အမျိုးသားပြတိုက်၊ နေပြည်တော်) ■

**ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို-UNESCO)က ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်ရန်အတွက် နှစ်စဉ်စာရင်းသွင်း ဆောင်ရွက်လျက်ရှိသည်။ ယဉ်ကျေးမှုအမွေအနှစ်ဟုဆိုရာတွင် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် ( Tangible Cultural Heritage -TCH)နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage - ICH )ဟူ၍ နှစ်မျိုး ခွဲခြားနိုင်သည်။**

> ❖ **ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာ လူမှုအသိုက်အဝန်းများ၊ အုပ်စုများနှင့် အချို့ကိစ္စရပ်များတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် သက်ဆိုင်သော ယဉ်ကျေးမှုအမွေအနှစ်များတွင် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နေသည့် ဓလေ့ထုံးစံများ၊ ကိုယ်စားပြုချက်များ၊ ဖော်ပြချက်များ၊ ဗဟုသုတ၊ စွမ်းရည်များသာမက ၎င်းတို့နှင့်ဆက်နွယ်သည့် ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများ၊ ရှေးဟောင်းပစ္စည်းများနှင့် ICHနှင့် သက်ဆိုင်သောနေရာများကို ဆိုလိုခြင်းဖြစ်**
>
> ❖ **ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရာတွင် အဓိကဆောင်ရွက်ရမည့်သူများမှာ လူမှုအသိုက်အဝန်းများ၊ အုပ်စုများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ (Community, Group and Individual - CGI)များဖြစ်ကြပြီး အစိုးရအနေဖြင့်မူ ပံ့ပိုးကူညီမှုပေးခြင်း၊ ပညာပေးလှုံ့ဆော်ခြင်းများကို ဆောင်ရွက်ပေးကြရမည်ဖြစ်**

ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များ (TCH)နှင့် ပတ်သက်၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် (World Heritage List)အဖြစ် ယဉ်ကျေးမှုအမွေအနှစ် ဒေသ (Cultural Heritage Site)၊ သဘာဝအမွေအနှစ်ဒေသ (Natural Heritage Site)နှင့် ယဉ်ကျေးမှု- သဘာဝ အမွေအနှစ်ဒေသ (Mixed Heritage Site)တို့ကို ယူနက်စကိုက သတ်မှတ်ပေးလျက်ရှိသည်။ ယဉ်ကျေးမှု အမွေအနှစ်ဒေသများအနက် ပျူမြို့ဟောင်း သုံးမြို့ (ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ)ကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ပုဂံရှေးဟောင်းဒေသကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် (World Heritage List) အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

**ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (ICH) ထိန်းသိမ်းစောင့်ရှောက်ရေး**

ယူနက်စကိုက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ(ICH)ကို ထိန်းသိမ်းစောင့်ရှောက်ရန် ၂၀၀၃ ခုနှစ် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် ယူနက်စကို၏(၃၂)ကြိမ်မြောက် အထွေထွေညီလာခံကြီးတွင် "ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း၊ ၂၀၀၃" (2003, ICH Safeguarding Convention) ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်များမှာ-

(၁) ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၂) သက်ဆိုင်ရာ လူမှုအသိုက်အဝန်းများ၊ အုပ်စုများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို လေးစားတန်ဖိုးထားတတ်ကြစေရန်၊

(၃) ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ၏ အကြောင်းနှင့် ယင်းတို့နှင့် ပတ်သက်၍ အချင်းချင်း အပြန်အလှန် နားလည်မှုရှိသင့်သည့် အကြောင်းတို့ကို ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်အထိ သိရှိနားလည် လာကြစေရေးအတွက် မြှင့်တင်ဆောင်ရွက်နိုင်ရန်၊

(၄) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီထောက်ပံ့မှုများကိုပေးရန်တို့ ဖြစ်ပါသည်။

**ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (ICH) ဆိုသည်မှာ**

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အဓိပ္ပာယ်ကို ၂၀၀၃ ခုနှစ် "ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း" အပိုဒ်(၂) တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်-

"ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုသည်မှာ လူမှုအသိုက်အဝန်းများ၊ အုပ်စုများနှင့် အချို့ကိစ္စရပ်များတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် သက်ဆိုင်သော ယဉ်ကျေးမှု အမွေအနှစ်များတွင် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နေသည့် ဓလေ့ထုံးစံများ၊ ကိုယ်စားပြုချက်များ၊ ဖော်ပြချက်များ၊ ဗဟုသုတ၊ စွမ်းရည်များသာမက ၎င်းတို့နှင့် ဆက်နွယ်သည့် ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများ၊ ရှေးဟောင်းပစ္စည်းများနှင့် ICH နှင့် သက်ဆိုင်သောနေရာများကို ဆိုလိုခြင်းဖြစ်သည်။"

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်ရန်အတွက် မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းခဲ့ကြခြင်း (Transmission)၊ ပတ်ဝန်းကျင်တွင် စဉ်ဆက်မပြတ် သစ်လွင်ဆန်းသစ်၍ ရှင်သန်နေခြင်း (Living Heritage)၊ သမိုင်းကြောင်း၊ သဘာဝတို့နှင့် ဆက်စပ်နေခြင်း (Interaction with nature and history)၊ စဉ်ဆက်မပြတ် တစ်သမတ်တည်း ရှိနေခြင်း (Identity and continuity)၊ လူတို့၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုနှင့် ဖန်တီးတီထွင်မှုတို့ကို အလေးဂရုပြု၍ မြှင့်တင်ပေးခြင်း (Promote respect) စသည့်အချက်များဖြင့် ပြည့်စုံရန် လိုအပ်ပါသည်။

**နယ်ပယ်(Domains) ငါးခု**

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွင် နယ်ပယ် (Domains) ငါးခု ပါဝင်ပါသည်-

၁။ ပါးစပ်ရာဇဝင်နှင့်ဖော်ပြချက်များ၊ ဘာသာစကားများ၊ (Oral Traditions and Expre-ssion) ဥပမာ- ရိုးရာပုံပြင်၊ ရိုးရာဘာသာစကားနှင့် စာပေ၊ အရေးအသားများ၊

၂။ ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ (Performing Arts)
ဥပမာ -ရိုးရာပြဇာတ် စသည့်အမြင်ဆိုင်ရာ အနုပညာများ၊ ရိုးရာပွဲလမ်းသဘင်နှင့် ဇာတ်သဘင်၊ ရိုးရာအသံဆိုင်ရာ အနုပညာများ၊

၃။ လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ၊ (Social Practices, rituals and festive events)
ဥပမာ - နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်၊ သနပ်ခါးယဉ်ကျေးမှုဓလေ့၊ လူမှုရေး ရိုးရာအစဉ်အလာများ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ ရိုးရာအခမ်းအနားများ၊

၄။ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် အလေ့အထများ၊ (Knowledge and Practices concerning nature and the Universe)
ဥပမာ - ရိုးရာအသိပညာ ဗဟုသုတများ၊ ရိုးရာနတ်ကိုးကွယ်မှု၊ ရိုးရာအားကစား၊ ရိုးရာတိုင်းရင်းဆေး၊

၅။ ရိုးရာလက်မှုပညာရပ်များ၊ (Traditional Craftsmanship)
ဥပမာ - ပန်းချီ၊ ပန်းပု စသည့် ရိုးရာပန်းဆယ်မျိုး၊ ရိုးရာရက်ကန်းပညာ၊ ရိုးရာဗိသုကာပညာ၊ ရိုးရာအစားအသောက်၊ သွားလာပို့ဆောင်ရာတွင် အသုံးပြုသော ရိုးရာယာဉ်။

**ထိန်းသိမ်းစောင့်ရှောက်ခြင်း**

အဆိုပါ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း လိုအပ်ပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း (Safeguarding) ပြုလုပ်ရာတွင် ပုံမှန်ပညာပေးမှုများ (Formal Education)နှင့် ပုံမှန်မဟုတ်သော ပညာပေးမှုများ (Nonformal Education)ဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သွင်ပြင်လက္ခဏာ (Identification)၊ မှတ်တမ်းမှတ်ရာ (Documen-tation)၊ သုတေသန(Research)၊ ထိန်းသိမ်းမှု (Preservation)၊ ကာကွယ်မှု(Protection)၊ တိုးမြှင့်မှု (Promotion)၊ မြှင့်တင်မှု (Enhancement)၊ လက်ဆင့်ကမ်းဖြန့်ဝေမှု (Transmission)စသည့် အကြောင်းအရာများကို ကောင်းစွာသိရှိနားလည်စေရေး ပညာပေး၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်ရှင်သန် သက်ဝင်နေစေရေးအတွက် ဆောင်ရွက်ကြရမည့်ကိစ္စများကို ဆိုလိုခြင်းဖြစ်သည်။

**ထိန်းသိမ်းစောင့်ရှောက်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်(၁၂)ချက်**

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ (ICH)ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်း လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ် (၁၂)ချက်ရှိသည်-

၁။ လူမှုအသိုက်အဝန်းများ၊ အုပ်စုများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ (Community, Groups and Individual-CGI) အနေဖြင့် မိမိတို့၏ ICH တို့ကို အဓိကထိန်းသိမ်းရမည်။

၂။ CGI တို့၏ ICH ကို ဆက်လက်ရှင်သန်စေရန် လုပ်ဆောင်ကြသည့် လုပ်ပိုင်ခွင့်ကို လေးစားကြရမည်။

၃။ နိုင်ငံများနှင့် CGI တို့သည် မိမိတို့၏ ICH နှင့်ပတ်သက်၍ အချင်းချင်း အပြန်အလှန် နားလည်၍ လေးစားရမည်။

၄။ ICH မူရင်းပိုင်ရှင် CGI တို့၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်စေရမည်။

၅။ CGI တို့သည် ICH နှင့် ပတ်သက်သည့် ပစ္စည်းများ၊ နေရာများ၊ အထိမ်းအမှတ်များကို စစ်ပွဲများဖြစ်နေချိန်တွင်ပင် ရယူသုံးစွဲခွင့်ရှိရမည်။

၆။ CGI တို့ကသာ မိမိတို့၏ ICH များကို ကိုယ်တိုင်တန်ဖိုးဖြတ်ခွင့်ရှိပြီး အခြားပြင်ပမှ တန်ဖိုးဖြတ်ခွင့်မရှိ။

၇။ ICH ပိုင်ဆိုင်သည့် (CGI)တို့ကသာ ၎င်းတို့၏ ICH နှင့် ပတ်သက်၍ အကျိုးစီးပွားများကို ရရှိရမည်။

၈။ ICH ၏ အမြဲလှုပ်ရှားပြောင်းလဲနေပြီး ရှင်သန်နေသည့် သဘာဝကို လေးစားရမည်။ (ICH ထိန်းသိမ်းရာတွင် စစ်မှန်ခြင်း (Authenticity)၊ အထူးသီးသန့်ဖြစ်ခြင်း (Exclusivity) တို့ကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။)

၉။ CGI တို့သည် မိမိတို့၏ ICH များ ရှင်သန်မှုကို ထိခိုက်စေမည့် ကိစ္စရပ်များကို ဂရုစိုက်၍ အကဲဖြတ်ကြည့်ရှုနေရမည်။

၁၀။ CGI တို့သည် သက်ဆိုင်ရာက ပြဋ္ဌာန်းသည့် ဥပဒေများတွင် မိမိတို့၏ ICH များနှင့် ပတ်သက်၍ စာရင်းမှ ပယ်ဖျက်ခြင်း၊ ရောင်းကုန်ပစ္စည်းအဖြစ် သတ်မှတ်ခြင်း၊ လွဲမှားစွာဖော်ပြထားခြင်းတို့ ပါဝင်နေခြင်း ရှိ၊ မရှိတို့ကို ရှာဖွေဖော်ထုတ်ရမည်။

၁၁။ (CGI)တို့၏ ယဉ်ကျေးမှုများ ကွဲပြားမှုနှင့် လက္ခဏာရပ်များကို လေးစားရမည်။ ယင်းသို့ တန်ဖိုးထားလေးစားမှုတွင် ယဉ်ကျေးမှုစံတန်ဖိုးများ၊ ကျား/မ တန်းတူမှု၊ ကလေးသူငယ်များ ပါဝင်ဆောင်ရွက်နိုင်မှု၊ တိုင်းရင်းသားများ၏ ထူးခြားသော အမှတ်လက္ခဏာများ ပါဝင်နေမှုတို့ကို အလေးထား ထည့်သွင်းထိန်းသိမ်းရမည်။

၁၂။ ICH သည် လူသားအားလုံးနှင့် ယေဘုယျအားဖြင့် သက်ဆိုင်၍ နိုင်ငံအချင်းချင်း၊ ဒေသအချင်းချင်း ပူးပေါင်းကာ ICH ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသော်လည်း ICH ပိုင်ဆိုင်သည့် CGIတို့ကိုလည်း ပါဝင်ဆောင်ရွက်ခွင့်ပြုရမည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရာတွင် အဓိကဆောင်ရွက်ရမည့်သူများမှာ လူမှုအသိုက်အဝန်းများ၊ အုပ်စုများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ (Community, Group and Individual - CGI)များဖြစ်ကြပြီး အစိုးရအနေဖြင့်မူ ပံ့ပိုးကူညီမှုပေးခြင်း ၊ ပညာပေးလှုံ့ဆော်ခြင်းများကို ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

**မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်း သမိုင်းကြောင်း**

မြန်မာနိုင်ငံသည် "၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ဗင်းရှင်း" သို့ ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် စတင်ဝင်ရောက်ခဲ့သည်။ အဓိကဆောင်ရွက်ရသည့် ဝန်ကြီးဌာနသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဖြစ်ပြီး ဦးစီးဌာနမှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းမြှင့်တင်နိုင်ရန်နှင့်

*စာမျက်နှာ ၁၁ သို့*

## ကံမမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေး



**ကံမ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးခြင်းကို ယမန်နေ့က အင်းကြီးကုန်းကျေးရွာအုပ်စု၊ ခြောက်ပင်ကျေးရွာအုပ်စု၊ ထန်းတောကျေးရွာအုပ်စုတို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဒေါ်ဇူပန်မိုက မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးနည်း အသိပညာပေးခြင်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် အီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးနည်း အသုံးပြုပုံ အသုံးပြုနည်းများကို ရှင်းလင်းပြသပြီး တက်ရောက်လာသော ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးနည်းကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

**ကျော်ဇေယျာဝင်း(ကံမ)**



## ညောင်လေးပင်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID စနစ်ဖြင့် Smart Card များ ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများထုတ်ယူရာတွင် အဆင်ပြေစေရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ Unique Identity (UID) စနစ်ဖြင့် Smart Card များကို မြန်မာ့စီးပွားရေးဘဏ်တွင် ဩဂုတ် ၂၁ ရက်က စတင်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဇော်ထွန်းအောင်က ဦးဆောင်၍ ဝန်ထမ်းများက Biometric (UID)စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ဩဂုတ် ၂၁ ရက်မှ ၃၁ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် အငြိမ်းစားဝန်ထမ်းများနှင့် Smart Card ပြုလုပ်ရန် ကျန်ရှိသူများအား ရပ်ကွက်၊ ကျေးရွာများအရောက် ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စွမ်းထက်(ညောင်လေးပင်)**

## မုံရွာမြို့၌ ပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားမှုပြုလုပ်



**မုံရွာ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ပလတ်စတစ်ကင်းစင်ရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးတို့အတွက် Plastic Campaign ကို ယနေ့နံနက်ပိုင်းက မုံရွာမြို့နယ် စုပေါင်းရုံးရှေ့ရှိ စည်သူလမ်းနှင့် မြို့နယ်စုပေါင်းရုံးအနောက်လမ်းတစ်လျှောက်တို့တွင် ပြုလုပ်သည်။

အဆိုပါ Plastic Campaign တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ကြသည်။

ထိုသို့ မုံရွာမြို့နယ်အတွင်း Plastic Campaign ပြုလုပ်ဆောင်ရွက်ခြင်းကို လစဉ်တတိယအပတ်တွင် ဆောင်ရွက်ခဲ့ရာ အကြိမ် ၁၀၀ ခန့်ရှိပြီဖြစ်ကြောင်းနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်အမှိုက်ကင်းစင်ရေးတို့အတွက် တာဝန်ရှိသူများက အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကရသူရီမြို့၌ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ကရသူရီ ဩဂုတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကရသူရီမြို့၌ ကျောင်းသား ကျောင်းသူများ စိတ်ရွှင်လန်းစေရေး ကာယ/ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ကျောင်းသား ကျောင်းသူများ၏ ဦးနှောက်နှင့် ဉာဏ်ရည်၊ ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာသန်စွမ်းရေး၊ ပျော်ရွှင်ကြည်နူးရေးအတွက် ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရုပ်သံကျွမ်းကျင်-၃ ဦးဖြိုးပိုင်ဦးက အမှတ်ပေး စည်းကမ်းများနှင့်အညီ ဆုရွေးချယ်၍ မြို့နယ်ဦးစီးမှူးက ဆုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကရသူရီ(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၁၀ မှ*

ကုလသမဂ္ဂသို့ အမည်စာရင်းများ တင်သွင်းနိုင်ရန်တို့အတွက် "မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီ"ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထို့အပြင် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ စစ်ဆေးအတည်ပြုနိုင်ရန်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ယနေ့အထိ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့က စစ်ဆေး၍ မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီမှတစ်ဆင့် အမျိုးသားယဉ်ကျေးမှုဇဟိုကော်မတီသို့ တင်ပြကာ အတည်ပြုချက် ရယူထားသည့် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များမှာ စုစုပေါင်း ၂၂၈၉ ခုရှိပြီ ဖြစ်ပါသည်။

**လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)**

ယူနက်စကိုက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (ICH)နှင့် ပတ်သက်၍ အောက်ပါအတိုင်း စာရင်းသုံးမျိုး သတ်မှတ်ထားသည်-

၁။ အဆောတလျင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သော ဒြပ်မဲ့ယဉ်ကျေးမှုစာရင်း (List of the Intangible Cultural Heritage in Need of Urgent Safeguarding)

၂။ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)

၃။ အကောင်းဆုံး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုစာရင်း (Register of Best Safeguarding Practices)

အဆိုပါ စာရင်းသုံးခုအနက် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရန်အတွက် နိုင်ငံအများစုက ကြိုးပမ်းကြသည်။ အဆိုပါလူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းရာတွင် အောက်ဖော်ပြပါ စံသတ်မှတ်ချက် (Criteria)ငါးချက်နှင့် ကိုက်ညီရပါမည်-

(၁) ၂၀၀၃ ခုနှစ် ကွန်ဗင်းရှင်း အပိုဒ်-၂ တွင် ဖော်ပြထားသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (ICH) အဓိပ္ပာယ်သတ်မှတ်ချက်နှင့်ကိုက်ညီခြင်း၊ (ICH Definition)

(၂) အမည်စာရင်း တင်သွင်းမည့် (ICH)၏ အရေးပါပုံကို လူအများသိမြင်လာစေရန် ဖြန့်ဝေခြင်း၊ ဆွေးနွေးခြင်းနှင့် လူသားတို့၏ တီထွင်ဖန်တီးမှုကို ပြသနိုင်ခြင်း၊ (awareness)

(၃) အမည်စာရင်း တင်သွင်းမည့် (ICH) ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး အစီအမံများ ပြုလုပ်ထားခြင်း၊ (Safeguarding)

(၄) အမည်စာရင်းတင်သွင်းရာတွင်သက်ဆိုင်ရာ (CGI) အားလုံး ပါဝင်ဆောင်ရွက်ခြင်းနှင့် သဘောတူညီခြင်း၊(Consent)

(၅) အမည်စာရင်း တင်သွင်းမည့် နိုင်ငံ၏ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းတွင် ပါဝင်ခြင်း။ (Listed in National ICH Inventory)

**မြန်မာနိုင်ငံက ယူနက်စကိုသို့ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity) အတွက် တင်သွင်းခဲ့သော (ICH)များ**

မြန်မာနိုင်ငံအနေဖြင့်လည်း "မြန်မာရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" (Myanmar Traditional New Year At Thingyan Festival) ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ၂၀၂၄ ခုနှစ်က ပထမဆုံးအကြိမ် သတ်မှတ်ခံခဲ့ရပြီးဖြစ်သည်။ ယခုအခါ "မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့" (Practice of Thanakha Culture in Myanmar) ကို ယူနက်စကိုသို့ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်ရန် ၂၀၂၅ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အမည်စာရင်းတင်သွင်းသည့် စာတွဲကို ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ "မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"ကို ၂၀၂၀ ပြည့်နှစ်က တင်သွင်းခဲ့သော်လည်း စာတွဲတွင် လိုအပ်ချက်အချို့ရှိသဖြင့် ပြန်လည်ပြင်ဆင်၍ တင်သွင်းရန် (Refer) အဖြစ် ယူနက်စကိုက ဆုံးဖြတ်ခဲ့သောကြောင့် စာတွဲအသစ်ကို ယခုအခါ ပြန်လည်တင်ပြခြင်းဖြစ်ပါသည်။ ယူနက်စကိုက "မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခြင်း ခံရခြင်း ရှိ၊ မရှိကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် (၂၁) ကြိမ်မြောက် ICH ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစိုးရအချင်းချင်း ကော်မတီအစည်းအဝေး (Session of Intergovernmental Committee for Safeguarding of ICH) တွင် ကြေညာသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များသည် ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်လာခြင်းကြောင့် ကမ္ဘာက အသိအမှတ်ပြုလာကြမည်ဖြစ်ပါသည်။ ထိုသို့ ကမ္ဘာကပင် အသိအမှတ်ပြုရသည့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် အဓိကတာဝန်ရှိသူများမှာ အစိုးရအဖွဲ့အစည်းများ မဟုတ်ပါ။ မြန်မာနိုင်ငံ၏ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးနှင့် ရေရှည်တည်တံ့စေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ မိမိတို့ မြန်မာနိုင်ငံရှိ လူမှုအသိုက်အဝန်းများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံသား တစ်ဦးချင်းစီတွင် အဓိကတာဝန်ရှိပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## စစ်တွေမြို့နယ် ခေါင်းဒုက္ကာ(၂) IDP စခန်းတွင် သစ်တိုင်၊ ထရံကာ၊ သွပ်မိုးဖြင့် အဆောက်အအုံ အလုံး ၄၀ ဆောက်လုပ်ခြင်းနှင့် ရေတုံကင် ၂၄ လုံး တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီး

**စစ်တွေ ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခေါင်းဒုက္ကာ(၂) IDP စခန်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန် - စစ်တွေ အဝေးပြေးလမ်းမကြီးပေါ်ရှိ စစ်တွေမြို့ မြို့ဝင်မုခ်ဦးတည်ဆောက်မည့် အဆိုပြုနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ခေတ်မီဆန်းသစ်သော ဒီဇိုင်းလက်ရာများနှင့် ခံ့ညားထည်ဝါစွာ ဖြစ်ပေါ်စေရေး၊ ခိုင်ခန့်မှုရှိစေရေးတို့အတွက် သက်ဆိုင်ရာ အင်ဂျင်နီယာများ၏ အကြံဉာဏ်များနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားကာ မြို့ဝင်မုခ်ဦးတည်ဆောက်မည့် အဆိုပြုမြေနေရာနှင့် ပတ်ဝန်းကျင်နေရာများတွင် ရေမြောင်းများ စနစ်တကျဖြစ်စေရေးနှင့် မြေယာရှင်းပြုလုပ်မည့် နေရာများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် စစ်တွေမြို့နယ် ခေါင်းဒုက္ကာ(၂) IDP စခန်းတွင် သစ်တိုင်၊ ထရံကာ၊ သွပ်မိုးဖြင့် အလျား ၄၈ ပေ၊ အနံပေ ၃၀ အဆောက်အအုံ အလုံး ၄၀ ဆောက်လုပ်ခြင်းနှင့် ရေတုံကင် ၂၄ လုံးတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ပြန်လည်နေရာချထားရေး လုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စခန်းတာဝန်ခံများနှင့် ပေါင်းစပ်ပြီး စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ခေါင်းဒုက္ကာ(၂) IDP စခန်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေတုံကင်များတပ်ဆင်ထားရှိမှု၊ ဆိုလာစနစ်ဖြင့် လုံခြုံရေးမီးများ တပ်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ခေါင်းဒုက္ကာ(၂) IDP စခန်းတွင် နေထိုင်ကြသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ဒါးပိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၃၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၄ ဦးကို သွေးအမျိုးအစား စစ်ဆေးပေးခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ငါးဦးကို ငှက်ဖျားရောဂါပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသူ ၃၂ ဦးတို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအားပေး

**နေပြည်တော် ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကြသည်။(အပေါ်ပုံ)

ဦးစွာတိုင်းမှူးက အမှာစကား ပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း အသီးသီးပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု အခြေအနေများနှင့် ကျောင်းဝင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် နွေ၊ မိုး၊ ဆောင်း ရာသီပြည့်သီးနှံ စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့က နေပြည်တော်ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် အတွင်းရှိ တောင်သူများအား ကျေးရွာအရောက် ကွင်းဆင်း၍ သွားရောက်တွေ့ဆုံသည်။(ယာပုံ)

ဦးစွာ ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာနှင့် ဇေယျာသီရိမြို့နယ် ကျွန်းရောင်းကျေးရွာအုပ်စု တောင်သူများနှင့်တွေ့ဆုံပြီး နွေ၊ မိုး၊ ဆောင်း သီးနှံများ ရာသီပြည့်စိုက်ပျိုးမည့် ဧရိယာအတွင်း မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးနိုင်ရေး၊ သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်းနှင့် ဓာတ်မြေသြဇာများ စနစ်တကျထည့်သွင်းရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာလိုက်နာဆောင်ရွက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် နည်းလမ်းများ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ ဆိုလာစနစ် အနိမ့်ရေတင်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှု၊ ဆောင်ရွက်ပြီး စက်ရေတွင်းများတွင် ဆိုလာစနစ်ဖြင့် ရေမြှုပ်ပန့်များတပ်ဆင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက် မတည်ငွေဖြင့် အတိုးနှုန်းသက်သာစွာထုတ်ချေးပေးပြီး သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအား တိုးတက်နိုင်ရေး စီမံဆောင်ရွက်နေမှု၊ ရာသီအလိုက် အချိန်မီထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများ အသုံးပြုနိုင်ရေးနှင့် မျိုးစေ့များ အချိန်မီရရှိစေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် အောင်သာရွာ တောင်သူ ဦးဇော်လွင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အရင်းမပျောက်မတည်ငွေဖြင့် တူးဖော်ထားသော ၃ လက်မ စက်ရေတွင်း တူးဖော်ထားရှိမှုနှင့် ဆိုလာစနစ်ဖြင့် ရေထုတ်ယူသုံးစွဲနေမှု၊ စိုက်ပျိုးရေ စက်ရေတွင်းတူးဖော်ရန် မြေအောက်ရေ အလားအလာရှိသော နေရာများနှင့် ဆင်သေချောင်းမှ ဆိုလာစနစ် အနိမ့်ရေတင်လုပ်ငန်းများဆောင်ရွက်ရန် ဖြစ်နိုင်စွမ်းရှိသောနေရာများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။




**သတင်းစဉ်**

# နမ့်စန်မြို့နယ်နှင့် မော်ဘီမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံတိုင်းရင်းသား ပြည်သူ ၁၁၁ ဦးတို့ကို သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အင်းလျက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ၄၃ ပါးနှင့် ဒေသခံပြည်သူ ၈၅ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အင်းလျက်ကျေးရွာရှိ ကွမ်းခြံကုန်း၌ အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**
၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းယောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၂၀ တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ပညာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၆ ဒသမ ၇၁၄ တန်၊ သစ်မာ ၀ ဒသမ ၄၅၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၈၃၄၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ် ဥယျာဉ်မြောက်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၀၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၃၉၉၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့အတွင်း၌ မော်တော်ယာဉ် ၁၄ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၄၇ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၉၅၈၄၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck လေးစီး၊ Hino Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Hino Profia Truck သုံးစီး၊ Nissan Diesel Tractor Head သုံးစီး၊ Nidi Truck တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၄၅၈၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၃ ရက်တွင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၈၅၀၀) ကို ဖမ်းဆီးရမိခဲ့သည်။

ဩဂုတ် ၂၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၃ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၂ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်၊ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၆၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၅၆၁၉၉၄၆) ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ရေဒါစနစ်ချွတ်ယွင်းမှုများကြောင့် ဂရိနိုင်ငံ အေသင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ပျံသန်းမှုများ နှောင့်နှေးမှုဖြစ်ပေါ်

**အေသင် ဩဂုတ် ၂၃**

ယခုသီတင်းပတ် အစောပိုင်းက ဂရိနိုင်ငံ အေသင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုဆက်တိုက်ဖြစ်ပေါ်မှုကြောင့် လေကြောင်းသွားလာရေးလုပ်ငန်းများနှောင့်နှေးပြီး လေယာဉ်ခရီးစဉ်ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရသည်ဟု ဂရိလေကြောင်း အာဏာပိုင်များနှင့် ပြည်တွင်းမီဒီယာတွင် ဩဂုတ် ၂၂ ရက်က ဖော်ပြထားသည်။

ဩဂုတ် ၁၉ ရက် နှောင်းပိုင်းက ရေဒါစနစ်ချွတ်ယွင်းမှုကြောင့် လေကြောင်းထိန်းချုပ်ရေးကွန်ရက် ယာယီချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းတွင် အရန်ကြိမ်နှုန်းလက်ခံထုတ်လွှင့်စက်များလည်း အလုပ်မလုပ်တော့ကြောင်း ဂရိသတင်းစာကက်သီမာရင်းနီတွင် ဖော်ပြထားသည်။

အဆိုပါ ချွတ်ယွင်းမှုများသည် ညအချိန်နှောင်းပိုင်းမှဖြစ်ပေါ်ခဲ့ပြီး လေဆိပ်လုပ်ငန်းဆောင်တာများကို ချက်ချင်းထိခိုက်မှုမဖြစ်ခဲ့သော်လည်း နောက်တစ်နေ့တွင် နှောင့်နှေးကြန့်ကြာမှုများ စတင်ဖြစ်ပေါ်လာခဲ့သည်။

ရေဒါစနစ်ပြုပြင်မှုများကို ဩဂုတ် ၂၀ ရက်တွင် ပြီးစီးခဲ့ပြီး အရန်ကြိမ်နှုန်း လက်ခံထုတ်လွှင့်စက်များကို ဩဂုတ် ၂၁ ရက်တွင် ပြုပြင်ပြီးစီးခဲ့သည်ဟု အရာရှိများက ပြောသည်။

ဘေးကင်းလုံခြုံရေး စိတ်ချရစေရန် တစ်နာရီလျှင် အများဆုံးဆင်းသက်နိုင်သည့်လေယာဉ် ၂၈ စင်းနှင့်ပြန်တက်သည့်လေယာဉ် ၃၅ စင်းရှိရာမှ ဆင်းသက်လေယာဉ်ကို ၂၂ စင်းထိ လျှော့ချခဲ့သည်။

ပျမ်းမျှအားဖြင့် လေယာဉ်များ ၄၅ မိနစ်ခန့်နောက်ကျခဲ့ပြီး အချို့မှာ တစ်နာရီကျော်အထိနောက်ကျခဲ့ရသည်ဟု လေကြောင်းထိန်းသိမ်းရေးသမဂ္ဂက ပြောသည်။ **ဆင်ဟွာ**



## နီပေါနိုင်ငံ၌ လက်ရှိဘဏ္ဍာနှစ် ပထမတစ်လအတွင်း ပြည်ပကုန်သွယ်မှု ၁၈ ဒသမ ၇၅ ရာခိုင်နှုန်းမြင့်တက်

**ခတ္တမန္ဒူ ဩဂုတ် ၂၃**

နီပေါနိုင်ငံ အကောက်ခွန်ဦးစီးဌာနက ဩဂုတ် ၂၂ ရက်ထုတ်ပြန်ချက်အရ ၂၀၂၅-၂၀၂၆ ယခုဘဏ္ဍာနှစ် ပထမလအတွင်း ပြည်ပကုန်သွယ်မှုမှာ ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ၁၈ ဒသမ ၇၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

နီပေါနိုင်ငံသည် ဇူလိုင်လလယ်မှ ဩဂုတ်လလယ်ကြား ပြည်ပကုန်သွယ်မှုစုစုပေါင်းပမာဏမှာ နီပေါရူပီး ၁၆၆ ဒသမ ၈၇ ဘီလီယံရှိခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ပထမလအတွင်း ကုန်သွယ်မှု နီပေါရူပီး ၁၄၀ ဒသမ ၁၆ ဘီလီယံထက် မြင့်တက်လာကြောင်း သိရသည်။

အဆိုပါကာလအတွင်း ပို့ကုန်ကဏ္ဍမှာ ၈၅ ဒသမ ၇၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ရူပီး ၂၃ ဒသမ ၈၃ ဘီလီယံအထိ ရှိခဲ့သည်။ ထို့အပြင် ပို့ကုန်ကဏ္ဍမှာလည်း ၁၁ ဒသမ ၄၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ရူပီး ၁၄၃ ဒသမ ၀၄ ဘီလီယံရှိခဲ့သည်ဟု အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## လုပ်သားပြတ်တောက်မှုရင်ဆိုင်နေရသည့် ဂျပန်နိုင်ငံ၌ အလိုအလျောက်မောင်းနှင်နိုင်သည့် ကုန်တင်ယာဉ်ကို စမ်းသပ်အသုံးပြု

**တိုကျို ဩဂုတ် ၂၃**

ဂျပန်နိုင်ငံတွင် ကုန်တင်ယာဉ်မောင်းများ ပြတ်တောက်နေသည့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် အလိုအလျောက်မောင်းနှင်နိုင်သည့် ကုန်တင်ယာဉ်များကို အသုံးပြုကာ ခရီးဝေးသယ်ယူပို့ဆောင်ရေးကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ဆောင်မှုကို တိုကျိုမြို့မြောက်ဘက် အီဘာရာကီခရိုင်တွင် ဩဂုတ် ၂၁ ရက်က မီဒီယာများအား သရုပ်ပြသခဲ့သည်။ ဇူလိုင်လက စတင်ခဲ့သော အဆိုပါ အစီအစဉ်တွင် တိုကျိုအခြေစိုက် အလိုအလျောက်မောင်းနှင်နိုင်သည့်စနစ် တီထွင်ထုတ်လုပ်သော T2 ကုမ္ပဏီနှင့် Sagawa Express အပါအဝင် ထင်ရှားသည့် ကုန်ပစ္စည်းပို့ဆောင်ရေးကုမ္ပဏီကြီး ငါးခုပါဝင်ကြောင်း သိရသည်။



အလိုအလျောက်မောင်းနှင်နိုင်သည့် ကုန်တင်ယာဉ်တစ်စီး စမ်းသပ်အသုံးပြုမှုကို တွေ့ရစဉ်။

အီဘာရာကီခရိုင်ရှိ စမ်းသပ်မောင်းနှင်ရေးလမ်းကြောင်းတစ်ခုတွင် လုပ်ဆောင်ခဲ့သည့် သရုပ်ပြပွဲတွင် အဆင့်-၂ အလိုအလျောက်မောင်းနှင်နိုင်သည့်စနစ်ဖြင့် ရွေ့လျားမောင်းနှင်နေသော ကုန်တင်ယာဉ်တစ်စီးကို ပြသထားသည်။ အဆိုပါ ကုန်တင်ယာဉ်သည် တစ်နာရီလျှင် ၇၀ ကီလိုမီတာခန့် မောင်းနှင်နိုင်ကြောင်း၊ လမ်းအကွေ့များကို အလိုအလျောက်မောင်းနှင်နိုင်ကြောင်းနှင့် လမ်းကြောင်းပြောင်းရာတွင်လည်း အရှိန်ကို လျှော့ချနိုင်ကြောင်း သိရသည်။

အဆိုပါ ကုန်တင်ယာဉ်ကို တိုကျို-နာဂိုယာဒေသသို့ ဆက်သွယ်ထားသော တိုမိုင်အမြန်လမ်းတွင် ပြီးခဲ့သည့်လမှစတင်ကာ သီတင်းတစ်ပတ်လျှင် ငါးကြိမ်ခန့် စမ်းသပ်အသုံးပြုလျက်ရှိသည်။

T2 ကုမ္ပဏီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာန အကြီးအကဲဖြစ်သူ ကူနီတိုရှိကန်က ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွင် လုပ်သားရှားပါးမှုမှာ အရေးပေါ်အခြေအနေဖြစ်လာကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဥဇဘက်ကစ္စတန်နိုင်ငံ၌ ယခုနှစ် ပထမခုနစ်လအတွင်း နိုင်ငံခြားခရီးသွား လာရောက်လည်ပတ်မှု ၄၈ ဒသမ ၉ ရာခိုင်နှုန်း တိုးလာ

**တက်ရှ်ကန့် ဩဂုတ် ၂၃**

ဥဇဘက်ကစ္စတန်နိုင်ငံတွင် ယခုနှစ် ပထမခုနစ်လအတွင်း နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်မှုမှာ ၄၈ ဒသမ ၉ ရာခိုင်နှုန်းရှိလာကြောင်း အမျိုးသားစာရင်းအင်းကော်မတီ၏ အချက်အလက်များကို ကိုးကားပြီး ဒေသတွင်းမီဒီယာများက ဩဂုတ် ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း နိုင်ငံအတွင်းသို့ နိုင်ငံခြားခရီးသွား စုစုပေါင်း ၆ ဒသမ ၃ သန်း လာရောက်လည်ပတ်ခဲ့ကြောင်း အမျိုးသားစာရင်းအင်းကော်မတီက ထုတ်ပြန်ထားသည်။

အဆိုပါအရေအတွက်မှာ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၂ ဒသမ ၁ သန်း (၄၈ ဒသမ ၉ ရာခိုင်နှုန်း) နီးပါး တိုးလာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## အီရတ်နိုင်ငံမြောက်ပိုင်း၌ အိုင်အက်စ်စစ်သွေးကြွဟု သံသယရှိသူ ခုနစ်ဦးကို ဖမ်းဆီး

**ဘဂ္ဂဒက် ဩဂုတ် ၂၃**

အီရတ်စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးအဖွဲ့သည် အီရတ်နိုင်ငံမြောက်ပိုင်း Nineveh ပြည်နယ်၌ အမျိုးသမီးနှစ်ဦးအပါအဝင် အိုင်အက်စ်စစ်သွေးကြွဟု သံသယရှိသူခုနစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ဩဂုတ် ၂၂ ရက်က ပြောကြားသည်။

### တာဝန်ရှိသူများထံသို့ လွှဲပြောင်း

တိကျသေချာစွာထောက်လှမ်းပြီး အားသွန်ခွန်စိုက် မြေပြင်စောင့်ကြည့်လေ့လာပြီးနောက် ပြည်နယ်၏ ဒေသအများအပြားတွင် ယင်းသို့ဖမ်းဆီးမှုပြုလုပ်ခဲ့ကြောင်း ညွှန်ကြားရေးမှူးရုံးက ထုတ်ပြန်ချက်တွင် ပြောကြားသည်။ သံသယရှိသူများကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

### ရံဖန်ရံခါတိုက်ခိုက်မှုများ ပြုလုပ်ဆဲ

အီရတ်သည် ၂၀၁၇ ခုနှစ်အတွင်း အိုင်အက်စ်ကို အနိုင်ရသည်ဟု ကြေညာခဲ့သော်လည်း အိုင်အက်စ်အဖွဲ့၏ အကြွင်းအကျန်များက မြို့များ၊ သဲကန္တာရများနှင့် ဝေးလံခေါင်သီသောဒေသများ၌ ရံဖန်ရံခါ တိုက်ခိုက်မှုများ ပြုလုပ်ဆဲဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## တစ်ရက်အတွင်း နေရပ်ပြန်သည့် အာဖဂန်ဒုက္ခသည်မိသားစုပေါင်း ၁၆၉၃ စုရှိ

**ကဘူးလ် ဩဂုတ် ၂၃**

အိမ်နီးချင်းအီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ တစ်ရက်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာသည့် အာဖဂန်ဒုက္ခသည် မိသားစုပေါင်း ၁၆၉၃ စုရှိပြီး တစ်ဦးချင်းရေတွက်လျှင် ၆၂၀၂ ဦး ရှိသည်ဟု နေရပ်ပြန်လာသူများ ပြဿနာဖြေရှင်းရေးဆိုင်ရာ အာဖဂန်နစ္စတန် မဟာကော်မရှင်က ဩဂုတ် ၂၃ ရက်တွင် ကြေညာခဲ့သည်။



နေရပ် ပြန်လာသူများသည် အနောက်ပိုင်း ဟီရတ်ပြည်နယ်ရှိ အစ်လမ်ကာလာနယ်စပ်ဖြတ်ကျော်ရေးဂိတ်၊ နန်ဂဟာပြည်နယ် အရှေ့ပိုင်းရှိ တော့ခ်ဟန် နယ်စပ်ဖြတ်ကျော်ရေးဂိတ်နှင့် ကန်ဒဟာပြည်နယ်တောင်ပိုင်း စပင်ဘိုဒ့ါခ် နယ်စပ်ဖြတ်ကျော်ရေး ဂိတ်တို့မှတစ်ဆင့် အာဖဂန်စ္စတန်သို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

တစ်နှစ်အတွင်း အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ နေရပ်ပြန်လာသည့် အာဖဂန်ဒုက္ခသည်ပေါင်း နှစ်သန်းကျော်ရှိပြီး ၎င်းတို့ထဲတွင် ကလေး ငါးသိန်း ပါဝင်သည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ဩဂုတ်လအစောပိုင်းတွင် ဖော်ပြထားသည်။

အထောက်ထားမဲ့ အများစုပါဝင်သည့်အာဖဂန်ဒုက္ခသည်ပေါင်း ခြောက်သန်းမှာ နိုင်ငံရပ်ခြားတွင် နေထိုင်ကြပြီး အများစုမှာ အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် နေထိုင်နေကြသည်ဟု ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ဇူလိုင်လနှောင်းပိုင်းတွင် သတင်းထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## ကော့ကရိတ်မြို့၌(အငြိမ်းစား) နိုင်ငံ့ဝန်ထမ်းများအား Biometric စက်ဖြင့် UID ကောက်ယူဆောင်ရွက်ပေးလျက်ရှိ



**ကော့ကရိတ် ဩဂုတ် ၂၃**

နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ ပင်စင်လစာ ထုတ်ယူရာတွင် အဆင်ပြေစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ကော့ကရိတ်မြို့နယ်ရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် Biometric (UID) ကတ်များ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများကို Biometric (UID) ကတ်များ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ က ဌာနဆိုင်ရာများမှ အငြိမ်းစားယူခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအား Biometric (UID) ကတ်များ ဆောင်ရွက်ပေးနေသည့် မြန်မာ့စီးပွားရေးဘဏ်သို့ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးတို့က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)



## တာလေမြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**တာလေ ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းကို ဩဂုတ် ၂၁ ရက်က အခြေခံပညာအထက်တန်းကျောင်း(တာလေ)၌ ဆောင်ရွက်သည်။

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်ရာတွင် တာလေမြို့မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေကျန်းမာရေး စစ်ဆေးပေးခြင်း၊ သံခုတ်အားဆေးများ တိုက်ကျွေးပေးခြင်း၊ လက်ဆေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးနည်းစနစ်မှန်ကန်စွာ သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲရန်နှင့် မိုးတွင်းကာလကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ အကြောင်းကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ သောက်ရေအိုးများတွင် ရေသန့်ဆေးခတ်ခြင်းများနှင့် တစ်ဦးချင်း ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲထက်ဦး(ပြန်/ဆက်)

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါး ၁၀၃၃ ဧက စိုက်ပျိုးထားရှိ

**ကျောက်ဆည် ဩဂုတ် ၂၃**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆည်၊ မြောင်း၊ ချောင်း၊ ကန် များပြီး ဆန်စပါးကို အဓိကထားစိုက်ပျိုးလျက်ရှိရာ မိုးသီးနှံရာသီ၌ အခြေခံသမဝါယမ အသင်း ခုနစ်သင်းမှ အသင်းသား တောင်သူ ၁၆၂ ဦး မိုးစပါး ၁၀၃၃ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးသီးနှံများကို အခြေခံသမဝါယမအသင်းများဖြစ်သည့် တောင်ပလူကျေးရွာမှ အသင်းသားတောင်သူ ၄၆ ဦး ဧက ၂၀၀၊ ရဲမအူကျေးရွာမှ အသင်းသားတောင်သူ ၂၄ ဦး ဧက ၂၀၀၊ ရွှေလေးကျေးရွာမှ အသင်းသားတောင်သူ ၁၆ ဦး ဧက ၁၀၀၊ ပင်တလည်ကျေးရွာမှ အသင်းသားတောင်သူ ၁၇ ဦး ဧက ၁၀၀၊ ထားဝယ်ကျေးရွာမှ အသင်းသားတောင်သူ ကိုးဦး ဧက ၁၀၀၊ ဇရပ်ဖြူကျေးရွာမှ အသင်းသား တောင်သူ ခြောက်ဦး ဧက ၅၀၊ ပုထိုးနီကျေးရွာမှ အသင်းသားတောင်သူ ၄၄ ဦး ၂၈၃ ဧက စုစုပေါင်း ၁၀၃၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

အခြေခံသမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးသီးနှံများ အောင်မြင်စေရေးနှင့် သွင်းအားစုများ အခက်အခဲမရှိစေရေး စပါးတစ်ဧကအတွက် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော သွင်းအားစုများကို နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် ထောက်ပံ့ပေးခဲ့ကြောင်း၊ ထွက်ရှိလာသည့် စပါးများ ရောင်းချရာ၌ အလွယ်တကူရောင်းချနိုင်ရေးနှင့် အကျိုးအမြတ်ရရှိရေး ဝယ်ယူကြိတ်ခွဲရေးအဖွဲ့များ ဖွဲ့စည်းထားပြီး သတ်မှတ်ကာလ ပေါက်စျေးဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် မိုးစပါးစိုက် အခြေခံ သမဝါယမ အသင်းသားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

သက်မောင်(ကျောက်ဆည်)



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဩဂုတ် ၂၁ ရက်တွင် ရွှေပြည့်စုံဆန်စက်၌ ကွင်းဆင်းစစ်ဆေးစဉ်။ ရဲကိုမောင်(ပြန်/ဆက်)

## ပြည်ကြီးတံခွန်မြို့နယ် အခြေခံပညာကျောင်းများ၌ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေး



**ပြည်ကြီးတံခွန် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ KG ကျောင်းသား ကျောင်းသူများ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး (Oravacs) တိုက်ကျွေးခြင်းကို ဩဂုတ် ၂၀ ရက်က စတင်ကာ အခြေခံပညာကျောင်းများ၌ တိုက်ကျွေးသည်။

ထိုသို့တိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြတ်မိုးဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်ကြီးတံခွန်မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ KG ကျောင်းသားကျောင်းသူများအား ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ဆေး(Oravacs)ကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ဇင်မင်းမောင်

## ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးချေစနစ်ဖြင့် ဓာတ်မြေသြဇာများ ဖြန့်ဖြူး



**ပျဉ်းမနား ဩဂုတ် ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ မိုးစပါးစိုက် တောင်သူများအား သီးနှံပေါ်ပေးချေစနစ်ဖြင့် ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၁ ရက်က နတ်သူရဲကျေးရွာအုပ်စု၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ နှမ်းတောကျေးရွာအုပ်စုနှင့် ကူးတို့ဆိပ်ကျေးရွာ အုပ်စုများမှ တောင်သူများထံသို့ ဖြန့်ဖြူးပေးသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (ဓာတ်မြေသြဇာဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ) နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ် ဓာတ်မြေသြဇာ ဖြန့်ဖြူးရေး လုပ်ငန်းအဖွဲ့မှ တောင်သူများအား သက်သာသော ဈေးနှုန်းဖြင့် သွင်းအားစုများ သုံးစွဲနိုင်ရေး၊ သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးရန်နှင့် တောင်သူများ အဓိကလိုအပ်သော သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ မိုးစပါးစိုက် တောင်သူများ အနေဖြင့် သတ်မှတ်ပန်းတိုင် အထွက်နှုန်း ရရှိရေး၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စိုက်ပျိုးနိုင်ရေး ရည်ရွယ်ကာ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပျဉ်းမနား မြို့နယ်အတွင်း ကျေးရွာ(၄)အုပ်စု အတွင်းရှိ မိုးစပါးစိုက်ပျိုး တောင်သူများထံသို့ ယူရီးယားဓာတ်မြေသြဇာအိတ် ၇၂၀ ကို သီးနှံပေါ်ပေးချေစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **သော်ဇင်ထူး**



## ကလေးဝမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ကလေးဝ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ ပန်းခင်းစီမံချက်ဖြင့် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ဩဂုတ် ၂၁ ရက်က နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသည့် အသက် ၁၀ နှစ် ပြည့်ပြီးသူနှင့် အသက် ၁၈ နှစ် ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား လိုအပ်သော သက်သေခံအထောက်အထားများ၊ စာရွက်စာတမ်းများ စိစစ်၍ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် ဥပဒေနှင့်အညီ ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

**သထုံ ဩဂုတ် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၀ ရက်က လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာများအသင်း ဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်က လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက် ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေး ဟောပြောခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးနည်းလမ်းများသင်ကြား

**တပ်ကုန်း ဩဂုတ် ၂၃**

တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်ကျင်းပသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဘေးအန္တရာယ်တုံ့ပြန် ဆောင်ရွက်ရေးနည်းလမ်းများ သင်ကြားခြင်းကို ဩဂုတ် ၂၀ ရက်က မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်များနှင့် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မြေပြို၊ မုန်တိုင်းဒီရေ၊ မိုးခေါင်ရေရှား၊ သောင်းကျန်းသူ၊ ကပ်ရောဂါ စသည့်ဘေးအန္တရာယ်ဆိုင်ရာများတွင် မီးသတ်ဦးစီးဌာနအနေဖြင့် ကူညီဆောင်ရွက်ရသည့်အကြောင်းများကို ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ၊ ဒုတိယမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်နည်းများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေး အသိပညာပေး ဂိမ်းကစားနည်းများဖြစ်သည့် Fire target shooting game၊ Fire tig-tag-toe game၊ အရေးပေါ်ရေးဦးသူနာပြုစုခြင်း၊ လူနာထမ်းစင်ပြုလုပ်ခြင်း၊ အသက်ကယ်အင်္ကျီပြုလုပ်ခြင်း၊ အရေးပေါ်အိတ်ပြုလုပ်ခြင်း၊ အသက်ကယ်ကြိုးပြုလုပ်ခြင်း စသည့်နည်းလမ်းများ ရှင်းလင်းသင်ကြားပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## ဖျာပုံမြို့နယ်၌ တရားမဝင်လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုနှင့် သွေးဆောင်ဖြားယောင်းမှု ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအသိပညာပေးဟောပြော

**ဖျာပုံ ဩဂုတ် ၂၃**

ဖျာပုံမြို့နယ်၌ တရားမဝင် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုနှင့်သွေးဆောင်ဖြားယောင်းမှု ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက်က ဖျာပုံမြို့ အထက-၁ ကျောင်း အောင်မြေခန်းမ၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်က အမှာစကားပြောကြားပြီး ခရိုင်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ ရဲအုပ် ဝင်းထက်ဟိန်းက လူကုန်ကူးမှု ဖြစ်ပွားရခြင်းနှင့် လူကုန်ကူးမှု မဖြစ်ပွားစေရန် ဆောင်ရန်ရှောင်ရန်များအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြတ်မြတ်စိုးက အမျိုးသမီးများအား အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုနှင့်သွေးဆောင်ဖြားယောင်းမှု ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဒေါ်မြင့်မြင့်စန်းက အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးထားသည့် အခွင့်အရေးများ၊ ဥပဒေများအား ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်များထုတ်ပေး

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးလက်အောက်ရှိ ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် မိုးသူဇာမုန့်တိုက်မှ အာမခံအလုပ်သမား သုံးဦးသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြောင့် အလုပ်တွင်ထိခိုက်သေဆုံးခဲ့သည့်အတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်ငွေ ထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ် ၂၁ ရက်က မိုးသူဇာ Coffee Shop ၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြပိုက မန္တလေးငလျင်ကြောင့် ထိခိုက်သေဆုံးခဲ့သည့် အာမခံအလုပ်သမားများဖြစ်သော ဒေါ်ပြည့်ပြည့်စိုးအတွက် ကျန်ရစ်သူငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၄၃၂၀၀၀၀ အား ၎င်း၏မိခင် ဒေါ်သန်းသန်းစိုးထံသို့လည်းကောင်း၊ ဒေါ်မေသူ၏ ကျန်ရစ်သူငွေလုံးငွေရင်း အကျိုးခံစားခွင့်အတွက် ငွေကျပ် ၄၃၂၀၀၀၀ အား ၎င်း၏ အစ်မဖြစ်သူ ဒေါ်ခင်မျိုးဦးထံသို့ လည်းကောင်း၊ ဒေါ်သူဇာဝင်း၏ ကျန်ရစ်သူငွေလုံးငွေရင်း အကျိုးခံစားခွင့်အတွက် ငွေကျပ် ၇၂၀၀၀၀၀ အား ၎င်း၏ မိခင် ဒေါ်လှသိန်းထံသို့ လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



## ရေနံချောင်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်း အသိပညာပေး

**ရေနံချောင်း ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်ချိုချိုလွင်က မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုတတ်စေရန် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုနည်း၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရုရှားဘာသာစကားပြော (အခြေခံ) သင်တန်းဆင်းပွဲကျင်းပ

**ကော့သောင်း ဩဂုတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ရုရှားဘာသာစကားပြော (အခြေခံ) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်က ကော့သောင်းမြို့ Victoria Cliff Hotel ၌ ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗျူဟာမှူး၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ရုရှားဘာသာစကားပြော(အခြေခံ)သင်တန်းဖွင့်လှစ်ခဲ့ခြင်းနှင့် ပတ်သက်သည့် မှတ်တမ်းဗီဒီယိုအားပြသသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများနှင့် နည်းပြဆရာမတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသည်။

အဆိုပါ ရုရှားဘာသာစကားပြော (အခြေခံ) သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၂၂ ရက်အထိ သင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ဌာနဆိုင်ရာများ၊ လူငယ်လူရွယ်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်းသင်တန်းသား ၇၀ ကျော် တက်ရောက်ကာ သင်တန်းကာလငါးပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

မိုင်းဖြတ် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်သည့် လူငယ်



စကားဝိုင်းကို ဩဂုတ် ၁၉ ရက်က အခြေခံပညာ အလယ်တန်းကျောင်း(ပါဆန်း)၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရှုံနုံလှိုင်းရှုံနုံတစ်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှု၊ ၂၁ရာစု လူငယ်များ၏အခန်းကဏ္ဍ၊ ကလေးအလုပ်သမားပပျောက်ရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် လူ့ရန်စွယ် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။ ယင်းနောက် စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## လယ်ဝေးမြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်

လယ်ဝေး ဩဂုတ် ၂၃

လယ်ဝေးမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဩဂုတ် ၁၅ ရက်တွင် ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များသည် အာဟာရပညာပေးခြင်းနှင့် အာဟာရပညာပေးဗီဒီယိုများပြသပြီး အသက်ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေ ဆေးတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၈၀ အား အာဟာရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ရှင်းလင်း

ညောင်ဦး ဩဂုတ် ၂၃

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန့်စင်ကြယ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းကို ဩဂုတ် ၁၈ ရက်က သန့်စင်ကြယ်ကျေးရွာ၌ ပြုလုပ်သည်။

သန့်စင်ကြယ်ကျေးရွာ၌ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ပံ့ပိုးငွေကျပ် သိန်း ၃၀၀ ဖြင့် အစုအဖွဲ့များ စုဖွဲ့ကာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ ကျေးရွာသူကျေးရွာသားများက အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း



မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



## ပခုက္ကူမြို့၌ တိုင်းရင်းဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေးအဆင်ပြေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် ကုန်ပစ္စည်းများ ဝယ်ယူစားသုံးနိုင်စေရေး ရည်ရွယ်၍ တိုင်းရင်းဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များကို ဩဂုတ် ၁၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဝေဠုအောင်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ပခုက္ကူမြို့ အမှတ်(၁) စည်ပင်သာယာဈေးကြီး၊ တိုင်းရင်းဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၌ စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသော ကုန်ပစ္စည်းများ ရောင်းချမှုရှိ/မရှိ၊ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိမှု ရှိ/မရှိ၊ သက်တမ်းလွန်ပစ္စည်း များ သိုလှောင်ထားရှိမှု ရှိ/မရှိ အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးကာ ဆိုင်ပိုင်ရှင်နှင့် ဆိုင်ဝန်ထမ်းများအား စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## ခရမ်းမြို့နယ်၌ ဆက်သွယ်ရေးကြိုးများ စနစ်တကျရှိစေရေး ကွင်းဆင်းဆောင်ရွက်

ခရမ်း ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ဆက်သွယ်ရေးကြိုးများ စနစ်တကျရှိစေရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဘုရားလမ်း၊ ကြို့ဆိုပါ၏ ကုန်းထိပ်၊ မြေနီလမ်းကွေ့၊ ကျောက်တိုင်လမ်းတို့တွင် ဩဂုတ် ၂၀ ရက်က ဆောင်ရွက်သည်။




ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ရှုပ်ထွေးနေသော ဆက်သွယ်ရေးကြိုးတန်းများ စနစ်တကျရှိစေရေးအတွက် ခရမ်းအိတ်ချိန်း၊ M Net၊ Goal Net Wifi ဝန်ထမ်းများ စုပေါင်း၍ လမ်းဘေးဝဲယာရှိ တရားမဝင်သွယ်တန်းထားသော ဆက်သွယ်ရေးကြိုးများ ရှိ မရှိ၊ ရှုပ်ထွေးနေသော ဆက်သွယ်ရေးကြိုးများ စနစ်တကျရှိစေရေး ကွင်းဆင်း ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရမ်း(ပြန်/ဆက်)

## နတ်မောက်မြို့နယ်၌ မိုးနှမ်းများ စတင်ရိတ်သိမ်း၊ ဈေးကောင်းရရန် မျှော်လင့်

နတ်မောက် ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ စိုက်ပျိုးထားရှိသော မိုးနှမ်းများ ဩဂုတ်လလယ်ခန့်မှ စတင်ရိတ်သိမ်းလျက်ရှိပြီး ဈေးကောင်းရရန် မျှော်လင့်လျက်ရှိသည်။

နတ်မောက်မြို့နယ်ရှိ စပါးစိုက်ပျိုး၍မရသော ယာမြေများတွင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာများကို အားထားစိုက်ပျိုးခဲ့ရာ မိုးနှမ်းသည် တောင်သူအများဆုံးစိုက်ပျိုးသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း၊ မိုးနှမ်းကို မေလလယ်မှ စတင်စိုက်ပျိုးပြီး အထွက်နှုန်းအနေဖြင့် ပိုးမွှားကင်းစင်ပြီး အသီးသီးနှုန်းကောင်းပါက တစ်ဧက ၁၆ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

“ဒီနှစ်က မိုးရွာသွန်းမှုများတဲ့အတွက် ပျက်စီးဆုံးရှုံးတဲ့ တောင်သူတွေလည်း ရှိပါတယ်။ အခုအချိန်က နှမ်းရိတ်၊ မြေပဲသိမ်းချိန်ဆိုတော့ ရွာထဲမှာရှိတဲ့ သူတွေလည်း အလုပ်အကိုင်တွေ ရလာတာပါ။ လုပ်အားခအနေနဲ့က နှမ်းစည်း၊ နှမ်းထောင်က တစ်နေ့ လုပ်အားခ ငွေကျပ် ၁၂၀၀၀ ပေးရပါတယ်။ မြေပဲနှုတ်၊ မြေပဲဆွတ်သူတွေလည်း ပဲတစ်တင်းကို ငွေကျပ် ၅၀၀၀ အထိ ဈေးပေးရပါတယ်”ဟု တောင်သူတစ်ဦးက ပြောသည်။



နှမ်းလျင် သီးနှံများသည် စိုက်ပျိုးပြီးချိန်ရက်ပေါင်း ၈၀ ခန့်ရှိပြီး ရင့်မှည့်လာသဖြင့် တောင်သူများသည် ဩဂုတ်လလယ်မှ စတင် နှုတ်သိမ်းနေခြင်းဖြစ်ကာ ယခုအခါ နှမ်းပုံများ၊ နှမ်းထောင်များကို စုပုံထားရှိပြီး မကြာမီ နှမ်းခါခြင်းလုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်သဖြင့် နှမ်းဈေးကောင်းရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

မူမူစန်း

## ဘိုကလေးမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

ဘိုကလေး ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဩဂုတ် ၂၀ ရက်တွင် လူထုအခြေပြုဗဟိုဌာန၌ မုန်တိုင်းဘေးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မို့မို့သွင်က မုန်တိုင်းဖြစ်ပွားရသည့် အကြောင်းရင်း၊ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မုန်တိုင်းမဖြစ်ပွားမီ၊ ဖြစ်နေစဉ်နှင့် ဖြစ်ပွားပြီးချိန်တို့တွင် လိုက်နာရန်နှင့် ရှောင်ရှားရမည့် အကြောင်းရင်းများကို ဟောပြောဆွေးနွေးပြီး သဘာဝဘေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

**အိမ်ပြင်ပဲ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## စဉ့်ကိုင်မြို့နယ်၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**စဉ့်ကိုင် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က စဉ့်ကိုင်မြို့နယ် သင်္ဂတုံ ကျေးရွာဓမ္မာရုံ၌ ပြုလုပ်ရာ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသီဟကျော်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူနှင့် ဝန်ထမ်းများ၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူနှင့် ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။



အဆိုပါ ဟောပြောပွဲတွင် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု အန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောရာတွင် မီးခိုးမြူငွေ့ ညစ်ညမ်းမှုကြောင့် သက်ရောက်နိုင်သည့် ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှု မဖြစ်ပေါ်စေရန် လိုက်နာရမည့်အချက်များ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချခြင်းဖြင့် ရရှိခံစားနိုင်မည့် အကျိုးကျေးဇူးများ စသည့် အကြောင်းအရာများကို ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရှင်းလင်းဟောပြောပြီး မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

**ကျော်စွာ(စဉ့်ကိုင်)**

## ထားဝယ်မြို့၌ ရွေ့လျားစာကြည့်တိုက်ဖြင့် သုတ/ရသစာအုပ် စာစောင်များ ငှားရမ်းပေး

**ထားဝယ် ဩဂုတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်မငှားရမ်းနိုင်သည့် ရပ်ကွက်များသို့ ရွေ့လျားစာကြည့်တိုက် Mobile Library Bus ဖြင့် သုတ/ရသစာအုပ် စာစောင်များ တင်ဆောင်၍ လှည့်လည်ငှားရမ်းပေးလျက်ရှိရာ ဩဂုတ် ၂၁ ရက်က ထားဝယ်မြို့ ဌာနဆိုင်ရာရုံးများနှင့် အခြေခံပညာကျောင်းများသို့ သုတ/ရသစာအုပ် စာစောင်များ ငှားရမ်းပေးခဲ့သည်။



ရွေ့လျားစာကြည့်တိုက် Mobile Library Bus တွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသစာအုပ်စာစောင် ၄၀၀ ပါရှိပြီး ငှားရမ်းပေးခဲ့သော စာအုပ်များကို သုံးရက်လျှင် တစ်ကြိမ်လဲလှယ် ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၃**

ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို ဩဂုတ် ၂၁ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေ ရိပ်သာလမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။




ရှင်းလင်းပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) ဌာနမှူးက အမှာစကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ ဒဏ်ကြေးနှင့် ပြစ်ဒဏ်များကို သက်ဆိုင်ရာဥပဒေများအလိုက် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းအခွန်ဆိုင်ရာ ရှင်းလင်းပွဲသို့ ကုမ္ပဏီ ၁၂၀ မှ တာဝန်ရှိသူ ၁၄၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အာကာလင်း**

## ပန်းတောင်းမြို့နယ်၌ (အခမဲ့) ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်



**ပန်းတောင်း ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဩဂုတ် ၂၁ရက်က နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား (အခမဲ့) ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ကျန်းမာရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်စိုးဦးဆောင်၍ ဆရာ ဆရာမများက ကိုယ်အပူချိန်များ တိုင်းတာခြင်း၊ ဆီးချို၊ သွေးချို၊ နှလုံး၊ လေးဖက်နာ၊ အစာအိမ်၊ သွေးတိုးစသည့် ရောဂါများကို အခမဲ့ စမ်းသပ် စစ်ဆေးကုသပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ပေးလျက်ကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သန်းထိုက်စိုးထံမှ သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ သင်္ချာစွမ်းရည်နှင့် အရုပ်ဆက်ပြိုင်ပွဲကျင်းပ

**မိုင်းဆတ် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန် ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ဩဂုတ် ၂၀ ရက်က အဆိုပါရုံးရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ သင်္ချာစွမ်းရည်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲများတွင် အခြေခံပညာအထက်တန်းကျောင်း(မိုင်းဆတ်)မှ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။




**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



## မင်းလှမြို့နယ် ဥယျာဉ်ကျေးရွာ၌ မီးခိုးမြူငွေ့အကြောင်း အသိပညာပေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်

**အထက်မင်းလှ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးကုဌာနမှ ဆေးကုသစောင့်ရှောက်မှုပေးခြင်းကို ဩဂုတ် ၁၉ ရက်က ဥယျာဉ်ကျေးရွာ မြမဥ္ဈုဓမ္မာရုံ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းသိန်းက ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောကာ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဒေါ်အေးမိစံနှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်စုမာဖြိုးတို့က ကျေးရွာနေပြည်သူ ၃၀ အား ကျန်းမာရေးကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့သည်။

**ဝင်းမြတ်(အထက်မင်းလှ)**



## တာချီလိတ်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား One Stop Service ဖြင့် UID ကတ်ပြုလုပ်ပေး

**တာချီလိတ် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဩဂုတ် ၂၂ ရက်က Biometric Data ကောက်ယူပြီး One Stop Service ဖြင့် UID ကတ်ပြုလုပ်ပေးခဲ့သည်။

တာချီလိတ်မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် ဝန်ထမ်းများသည် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက် ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အိမ်တိုင်ရာရောက်ကွင်းဆင်း၍ Biometric Data ကောက်ယူပြီး UID ကတ်ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၁ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၅၃၀ အား One Stop Service ဖြင့် UID ကတ်ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မောက်မယ်မြို့နယ်၌ မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး



**မောက်မယ် ဩဂုတ် ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် မောက်မယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသည့် မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် နမ့်ယွမ်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်သင်းသင်းနိုင်က မဲဆန္ဒရှင်များအား အီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် အဆင့်ဆင့်သုံးစွဲပုံများ၊ မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ မဲပေးစက်တပ်ဆင်ပုံ၊ မဲပေးချိန်နှင့် မဲရေတွက်ချိန်တို့တွင် ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုပုံ နည်းစနစ်များ၊ မဲပေးမှုနည်းလမ်း ရိုးရှင်းလွယ်ကူခြင်း၊ အချိန်တိုအတွင်း မဲရလဒ်ရေတွက်နိုင်ခြင်း၊ တိကျသော မဲရလဒ်များ ရရှိနိုင်ခြင်း၊ ပယ်မဲမရှိခြင်း၊ ရွေးကောက်ပွဲရလဒ်ကိုလည်း အချိန်တိုအတွင်း ကြေညာပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြသ ပြောကြားပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် မဲဆန္ဒရှင် ပြည်သူများက အီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## ကသာမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**ကသာ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ယာယီခန်းမ၌ ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်နန္ဒာလင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုဆိုင်ရာ အသိပညာပေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးက မိုးကြိုးအန္တရာယ် ဘေးအန္တရာယ်ဆိုင်ရာနှင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပြီး ငွေကြေးလိမ်လည်မှု အသိပညာပေး video clip ကို ပြသခဲ့သည်။

ဆက်လက်ပြီး ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးငြိမ်းက အမှိုက်အမျိုးအစားများ ခွဲခြားစွန့်ပစ်ခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကသာခရိုင်ရဲတပ်ဖွဲ့ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းလွင်က အနာဂတ်နှင့် လူငယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ဆောင်ရွက်ကာ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ကျော်စွာထွန်း(ကသာ)**

## အိပ်ချ်အိုင်ဗွီပိုးရှိ လူနာများအား အေအာတီဆေးဖြင့် အခမဲ့ကုသပေးလျက်ရှိ

**မကွေး ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသည် အိပ်ချ်အိုင်ဗွီပိုးရှိ လူနာများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်း အေအာတီ ဆေးကုဌာန ခြောက်ခုနှင့် အေအာတီ ဆင့်ပွားကုဌာန ၁၉ ခုတို့တွင် နှစ်သိမ့်ဆွေးနွေးပညာပေးပြီး အိပ်ချ်အိုင်ဗွီ ရှိ မရှိ စစ်ဆေးခြင်း၊ ဆေးကုသမှုခံယူရန် လိုအပ်သော လူနာများအား



အေအာတီဆေးဖြင့် အခမဲ့ကုသပေးခြင်းတို့ကို ယမန်နေ့က ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အေအာတီဆေးသောက်နေသော လူနာများအား အိပ်ချ်အိုင်ဗွီပိုးကောင်ရေ စစ်ဆေးပေးခြင်း အပါအဝင် လိုအပ်သော ဓာတ်ခွဲ စစ်ဆေးမှုများကိုလည်း အခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ စပါးကေ ရာနှုန်းပြည့်ရိတ်သိမ်းပြီး တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်ရှိ

**ပွင့်ဖြူ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးခဲ့ရာ တစ်ဧကလျှင် စပါးတင်း ၁၀၀ ကျော် ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ စပါး ၃၃၂၅ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၁၂၁၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် စပါး ၁၀၄ ဒသမ ၀၂ တင်း ထွက်ရှိသည်။

"ပွင့်ဖြူမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါး ၁၂၁၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်ခင်းတွေကို ဇွန်လကုန်က စပြီး ရိတ်သိမ်းခြွေလှေ့ခဲ့တာ ဩဂုတ် ၁၉ ရက်မှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ နွေစပါး စိုက်ပျိုးရာတွင် မဲဇလီရေလွှဲဆည်ရေ၊ လျှပ်စစ်ဓာတ်အားတွဲဖက်အသုံးပြု ဆိုလာရေတင်စနစ်၊ မြေအောက်ရေတို့ဖြင့် စိုက်ပျိုးကြပြီး ဒေသခံတောင်သူများကို ရာသီအလိုက် သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက်



စိုက်ပျိုးရေနှင့် သီးနှံအောင်ရေများအား လုံလောက်စွာ ရယူသုံးစွဲနိုင်ရန် သက်ဆိုင်ရာ ဌာနများက ရေလက်တံမြောင်းများမှတစ်ဆင့် လယ်ယာစိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေပေးခဲ့သဖြင့် စပါးသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



ဟားခါးမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၂ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်၊ မြို့နယ်ရုံးဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးနေမှုကို ချင်းပြည်နယ်ဦးစီးမှူး ဦးရဲဇင်လတ်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)



## ပြည်ကြီးတံခွန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၂၇ လမ်းနှင့် ၄၉/၅၀ လမ်းကြား(မှူ)ရပ်ကွက်ရှိ ကံကြီးကုန်းဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်း အမှတ်(၇)၌ ယမန်နေ့က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးအောင်သွင် ဦးဆောင်သည့်အဖွဲ့က ပန်းခင်း(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာ မဟာအောင်မြေခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ဗိုလ်မှူး ဝင်းအောင်မျိုး၊ ရဲမှူးဇေယျာသန်း၊ ဦးသောင်းနိုင်နှင့် ဥပဒေအရာရှိ ဦးရန်လင်းအောင်တို့က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**



## မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**မြဝတီ ဩဂုတ် ၂၃**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်၌ လစဉ် ၂၁ ရက်မှစတင်၍ ထုတ်ပေးလျက်ရှိရာ ယနေ့တွင်လည်း ဆက်လက်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပင်စင်လစာငွေများ ထုတ်ပေးရာတွင် ကာယကံရှင်ကိုယ်တိုင် ထုတ်ယူနိုင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် အငြိမ်းစားအသက်ကြီးသူများနှင့် ကျန်းမာရေးမကောင်းသူများ၏ ပင်စင်လစာငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် မိသားစုဝင်များက အဆင်ပြေစွာထုတ်ယူနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်က စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများကို လာရောက်ထုတ်ယူရာတွင် UID ကတ် ယူဆောင်လာရန် လိုအပ်မည်ဖြစ်ပြီး ရုံးဖွင့်ရက်အတွင်း နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/40617 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းဇော်ထက် ၉/နထက(နိုင်)၁၈၅၁၉၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/30852 ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်းနိုင် ၉/တသန(နိုင်)၁၃၈၉၅၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/83268, Suzuki Smash-112,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်ဦး ၇/ပတတ(နိုင်)၀၈၈၈၂၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## အများသိစေရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၁၃၄)၊ မြေကွက်အမှတ်-(၂၃၈)၊ ဒေါ်တင်လှ(၃)အမည်ပေါက် ပါမစ်မြေ(မူရင်းခြမ်း)၊ အကျယ်အဝန်း- (၂၀ပေ-၆၀ပေ)အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးဝင်းဦး (၈/ခမန(နိုင်)၁၂၁၈၇၇)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

**ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ)**
**အမှတ်(၁၁၄၄)၊ စပ်စံထွန်းလမ်း၊ (၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- (၀၉)- ၇၉- ၀၆၇- ၃၀၆၇**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထူးလှိုင်**
**အထက်တန်းရှေ့နေ**
**စဉ်- ၂၄၂၉၂**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၃

**ကွယ်လွန်သူဒေါ်တင်စန်း၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်တင်စန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ရီရီမြင့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်၊ (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်) တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်စန်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်၊ (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာ မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ရီရီမြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်တင်သန်း)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**


## တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ် အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/68055, Thai Anbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော် ၉/အမဇ(နိုင်)၀၁၁၅၇၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/76625, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသီဟထွန်း ၉/မနမ(နိုင်)၁၁၇၈၇၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်အိမ်ရာ၊ တိုက်အမှတ်(၁၃၈)၊ အခန်းအမှတ်(၃)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှခင် (၁၂/လမန(နိုင်)၀၇၉၇၈၂) ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ခင်မာဝင်း(၇/ရတန(နိုင်)၀၆၁၄၉၂) က ဒေါ်လှခင် အမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက် နေထိုင်ခွင့်အကြောင်းကြားစာ မူရင်းပျောက်ဆုံးကြောင်း အထောက်အထားများ တင်ပြလာပြီး ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်းကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက် အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အမည်ပြောင်း

ဦးနိုင်လင်း-ဒေါ်ချောစုလှိုင်တို့၏ သားဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ရတနာပန်းခင်းကိုယ်ပိုင် အလယ်တန်းကျောင်း Grade-1 တွင် ပညာသင်ကြားနေသော မောင်မင်းသော်တာလင်း အား မောင်မင်းသော်တာနိုင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မင်းသော်တာနိုင်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၆) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မချစ်စုဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဗိုလ်ဆန်း ၁/မကန(နိုင်) ၁၇၃၈၈၄ ဖြစ်ပါကြောင်း။

**ဦးအောင်ဗိုလ်ဆန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၆၆၄၅၇, Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးနိုင်ဝင်း ၈/မမန(နိုင်)၂၃၅၆၆၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/66344, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လင်း ၉/အမဇ(နိုင်)၀၅၃၈၅၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၅)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၅)၊ မြေကွက်အမှတ် ၂၂၁၊ မြေဧရိယာ ၀.၁၁၀ဧကရှိ မြေအား ဒေါ်ခင်စန္ဒာမှ အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုးမြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**




## ပြင်ဦးလွင်မြို့နယ် အထက (၂) ၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်အခမ်းအနားကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၆) အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကလေးသူငယ်များ အတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ် (Kaeru Caravan) အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ခရိုင်၊မြို့နယ်သန္နေမီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ပြီး အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင်က Kaeru Caravan အစီအစဉ် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် အလွယ်တကူရရှိနိုင်သော ပစ္စည်းများဖြင့် ရှေးဦးသူနာပြုနည်းစနစ်များ၊ အသက်ကယ်အင်္ကျီပြုလုပ်နည်းများ၊ မီးသတ်ဆေးဘူး အသုံးပြုနည်း၊ မီးငြိမ်းသတ်နည်းများဖြင့် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘုန်းမြတ်**


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၉၀၃)နေ ဦးတင်ငွေ (၁၂/ဥကတ(နိုင်)၁၂၇၄၄၉) (ဘ) ဦးအီစမိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၉၀၃)နေ ဦးတင်ငွေ (၁၂/ဥကတ(နိုင်)၁၂၇၄၄၉)၊ ဒေါ်ဖြူဖြူဝင်း (၁၂/ဥကတ(နိုင်)၁၆၂၉၂၆)တို့၏သားဖြစ်သူ ဦးမျိုးမင်းဇော် (၁၂/ဥကတ(နိုင်)၁၃၆၅၉၇) သည် မိဘများ၏ ဆိုဆုံးမမှုအား နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်း၌ မိဘများဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုးပြုမူပြောဆိုသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ဦးမျိုးမင်းဇော်နှင့်ပတ်သက်သည့်ကိစ္စအဝဝအား စုံစမ်းမေးမြန်းခြင်း မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတင်ငွေ**
**(၁၂/ဥကတ(နိုင်)၁၂၇၄၄၉)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၇၀)**
**ဖုန်း-၀၉-၄၂၁၁၀၈၂၅၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၄)၊ ဦးပိုင်အမှတ်(၂၆-ခ) "ဦးကျော်ဝင်း" အမည်ပေါက်၊ (၂၀ x ၃၀)ပေ ကျယ်ဝန်းသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်အပါအဝင် ဝင်းခြံအကာ အရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချခွင့်အရပ်ရပ်အားလုံးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဖြစ်သော ဒေါ်မြင့်သီတာ (ဘ) ဦးတင်သောင်း ၉/ခမစ(နိုင်)၀၃၀၉၆၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်အေး(ဘ)ဦးလပိုင်ဇော်တွဲ ၇/ပခန(နိုင်)၂၃၁၄၈၁ က (၁၅-၈-၂၀၂၅)ရက်က အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်ခင်အေး(ဘ)ဦးလပိုင်ဇော်တွဲ**
**၇/ပခန(နိုင်)၂၃၁၄၈၁**

**လွှဲအပ်ညွှန်ကြားချက်အရ**
**၁။ ဦးဝင်းအေး (LL.B)**
**(စဉ်-၁၃၄၅၂)**
**၂။ ဦးဝင်းမော် (LL.B)**
**(စဉ်-၁၂၅၇၂)**
**၃။ ဦးထွန်းထွန်းနိုင် (LL.B)**
**(စဉ်-၁၈၉၅၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၈/၅၉)၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**


## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**



## ခံစစ်ကစားသမား ဒီယက်စ် မန်စီးတီးအသင်းနှင့် သက်တမ်းတိုး စာချုပ်ချုပ်ဆို

မန်စီးတီးအသင်းခံစစ်ကစားသမား ရူဘင် ဒီယက်စ်သည် အီတီဟက်၌ ၂၀၂၉ ခုနှစ် အထိရှိမည့် သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် အဆိုပါခံစစ်ကစားသမားနှင့် မန်စီးတီးအသင်းတို့ ချုပ်ဆိုထားသော ယခင်စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ်အထိ ချုပ်ဆိုထားသည်။

၎င်း၏ သက်တမ်းတိုးစာချုပ်တွင် နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်လည်း ထည့်သွင်းချုပ်ဆိုထားကြောင်း သိရသည်။ ပေါ်တူဂီခံစစ်ကစားသမားသည် ၂၀၂၀ ပြည့်နှစ်တွင် ပေါင် ၆၅ သန်းဖြင့် ဘင်ဖီကာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် မန်စီးတီးအသင်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် အသင်းကို အမှတ်ပေးဖလား၊ ချန်ပီယံလိဂ်ဖလား၊ အီးအက်ဖ်အယ်လ်ဖလားနှင့် အက်ဖ်အေဖလားတို့ ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သည်။

မန်စီးတီးအသင်းမှ အခြားခံစစ်ကစားသမားတစ်ဦးဖြစ်သူ ရီကိုလည်း အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် နီးကပ်လာပြီဖြစ်ကြောင်း သိရသည်။ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ဝုဖ်အသင်းကို လေးဂိုးပြတ် အနိုင်ရရှိထားသည်။

**အောင်ဇော်**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထားများဖော်ပြ၍ မြေငှားဂရန်လျှောက်ထားလာမှုများနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားမြေနေရာ | | | | |
|---|---|---|---|---|---|---|
| | | မြို့နယ် | ရပ်ကွက်/ကျေးရွာအုပ်စု | အကွက်/ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) |
| ၁ | ဦးလှထွေး+ ဒေါ်သီရိမျိုးလွင် | ပျော်ဘွယ် | ရွှေပြည်ရန်အောင် | ၃၂၊ရွှေပြည်ရန်အောင် | ၁၁က အတွင်းမှ | ၀.၀၃၇ |
| ၂ | ဦးညွန့်ဝင်း+ ဒေါ်ယဉ်ယဉ်စိန် | ပျော်ဘွယ် | ရှမ်းပွဲ | ၁၊ ရေလည်ကျောင်းရပ် | ၁၅၇၊၁၅၈ ၊၁၆၀ | ၀.၁၈၆ |
| ၃ | ဒေါ်နွယ်နွယ်ဝင်း | ပျော်ဘွယ် | ရွှေပြည်ရန်အောင် | ၃၂၊ ရွှေပြည်ရန်အောင် | ၁၁က အတွင်းမှ | ၀.၀၃၉ |
| ၄ | ဦးဝင်းမင်းသိန်း+ ဒေါ်ယဉ်မင်းသိန်း | ပျော်ဘွယ် | မြို့သစ် | ၉၊ မြို့သစ်မြောက် | ၆၉က၊ ၇၃ အတွင်းမှ | ၀.၀၆၈ |
| ၅ | ဦးအောင်ခန့်ဇော် | ပျော်ဘွယ် | မြို့သစ် | ၉၊ မြို့သစ်မြောက် | ၆၉က၊ ၇၃ အတွင်းမှ | ၀.၀၃၇ |
| ၆ | ဦးခင်မောင်ဝင်း+ ဒေါ်ရီရီဝင်း | ပျော်ဘွယ် | ရွှေပြည်ရန်လုံ | ၅၀၊ ရွှေပြည်ရန်လုံ | ၁၅၁ခ | ၀.၁၁၅ |
| ၇ | ဒေါ်ခင်မေဝင်းပါ (၅)ဦး | ပျော်ဘွယ် | ရွှေပြည်ရန်လုံ | ၄၉၊ ရွှေပြည်ရန်လုံ | ၅၆ | ၀.၉၃၅ |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရမည်းသင်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/16225, WEGO-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဗျက်ထန်တလွား ၅/ကလထ(နိုင်)၁၃၂၈၆၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်နော်နှင်းနွယ် နွယ်ထွန်း ၉/ပမန(နိုင်)၁၅၇၅၆၆ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၂၃၄၇၉၄**

